www.facebook.com/themyawadydaily


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



# မြဝတီ နေ့စဉ်

the Myawady Daily

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိမြဝတီ

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် ၂၀၁၇ ခုနှစ်၊ မတ် ၃ ရက်၊ သောကြာနေ့ အတွဲ(၆)၊ အမှတ်(၁၁၉)


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မငြိမ်းအေးနိုင်ကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာ ရန်အေးနိုင်ကုန်၏။ ဤသဘောကား ရှေးရိုးစဉ်လာ ဓမ္မတာပေတည်း။

ဓမ္မပဒ

## အဆင့်မြင့်ပညာရေးဆိုင်ရာ အရည်အသွေးမြင့်မားရေးဆင့်ပွားပို့ချဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ပညာရေးဝန်ကြီးဌာနနှင့် British Council တို့ ပူးပေါင်းကျင်းပသည့် အဆင့်မြင့်ပညာရေးဆိုင်ရာ အရည်အသွေးမြင့်မားရေးဆင့်ပွားပို့ချဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် Mr. Richard Sunderland, Director of British Council တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မန္တလေးဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးချစ်က Quality in Teaching and Research ခေါင်းစဉ်ကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဉမ္မာကျော်က Student Experience ခေါင်းစဉ်ကိုလည်းကောင်း၊ စာမျက်နှာ ၁၆ ကော်လံ ၄




ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အဆင့်မြင့်ပညာရေးဆိုင်ရာ အရည်အသွေးမြင့်မားရေးဆင့်ပွားပို့ချဆွေးနွေးပွဲ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

## အသက်မွေးမှုအတတ်ပညာသင်တန်းဝင်ခွင့်များ စတင်လျှောက်ထားနိုင်

ရန်ကုန် မတ် ၂

မြန်မာနှင့် ဆွစ်ဇာလန်နိုင်ငံမှအသိအမှတ်ပြုသည့် အသက်မွေးမှုအတတ်ပညာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် သင်တန်းဝင်ခွင့်များစတင်ခေါ်ယူနေပြီး စိတ်ပါဝင်စားသည့် လူငယ်များ လျှောက်ထားတက်ရောက်နိုင်ကြောင်း အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း (CVT Myanmar) မှ သိရသည်။

ဆွစ်ဇာလန်နိုင်ငံမှ အလုပ်သင်ပညာရေးပုံစံကိုအခြေခံပြီး ပြည်တွင်းရှိ လူငယ်များနှင့်ကိုက်ညီမည့် အသက်မွေးမှုအတတ်ပညာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး ယခုအခါ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဝင်ခွင့်လျှောက်လွှာများကို စတင်ခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

"ဘယ်အလုပ်ပဲဖြစ်ဖြစ် အသိအမှတ်ပြုလက်မှတ်ရှိတာနဲ့ မရှိတာကတော့ ကွာသွားမှာပါ။ ဒီအတွက် အတတ်ပညာတွေနဲ့ပတ်သက်လို့ သင်တန်းတွေတက်ပြီး သင်ယူထားနိုင်တာကောင်းပါတယ်။ နောက်ပိုင်းမှာအသိအမှတ်ပြုလက်မှတ်တွေရရှိထားဖို့လိုပါတယ်" ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

ထို့ပြင် စီးပွားရေးပညာအထောက်အကူပြုသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်း၊ ပရိဘောဂပြုပြင်မှုအတတ်ပညာသင်တန်း၊ ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာ အတတ်ပညာသင်တန်းနှင့် သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာသင်တန်းဟူ၍ စာမျက်နှာ ၁၆ ကော်လံ ၄

## ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

စာ - ၁၆ သို့

**အင်တာဗျူး**

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ တပ်မတော်သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားချက်များ

စာ - ၁၂ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၁၉ ˚C / ၃၈ ˚C |
| ရန်ကုန် | ၂၁ ˚C / ၃၇ ˚C |
| မန္တလေး | ၁၆ ˚C / ၃၇ ˚C |

**လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

**ဆောင်းပါး**

## ပြည်ထောင်စု၏တပ်မတော်

ကိုချိုစံ

စာ - ၈ သို့






www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ရန်ကုန်မြို့ရှိ ရထားသံလမ်းခုံးကျော်သံပေါင်တံတားများကို ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲပြုပြင်ပေးမည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ရှိ ရထားလမ်းများကို ဖြတ်ကျော်၍ လူကူးခုံးကျော်တံတား တည်ဆောက်ပေးထားသော လက်ရှိသံပေါင်တံတားများအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲပြုပြင်ပေးရန်စီစဉ်ထားကြောင်း မြန်မာ့မီးရထား (မြို့ပြဌာန) လက်ထောက်အင်ဂျင်နီယာထံမှ သိရသည်။

အဆိုပါ ရန်ကုန်မြို့တွင်း ရထားလမ်းများတစ်လျှောက်တွင် လူများကူးသန်းသွားလာနိုင်ရန် ရထားလမ်းကျော် ခုံးတံတားများကို သံပေါင်တံတားများအဖြစ် တည်ဆောက်ပေးထားခဲ့ကာ အဆိုပါ သံပေါင်တံတားများသည် ကာလကြာရှည်၍ ဟောင်းနွမ်းနေပြီဖြစ်သောကြောင့် ကွန်ကရစ်တံတားများအဖြစ် အစားထိုးပြုပြင်ပေးရန်စီစဉ်ထားကြောင်း သိရသည်။ လူသွားလူလာများပြားပြီး လူစည်ကားသောရထားလမ်းနေရာများတွင်လည်း လူကူးခုံးကျော်တံတားအသစ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အဓိကဦးစားပေးနေရာများအားရွေးချယ်၍ ဘတ်ဂျက်ငွေပေါ်



မူတည်ကာ ဦးစားပေးအဆင့်ရှိနေရာများကို စတင်ဆောင်ရွက်နိုင်ရန်လျာထားကြောင်း သိရသည်။

ထို့ပြင် ခုံးကျော်တံတားများတည်ဆောက်ရန် နေရာ ၄၈ ခုအထိ ရွေးချယ်ထားပြီး ရထားလမ်းဖြတ်ကျော် ကားလမ်းကူးနေရာ ၂၅ ခုကိုလည်း ဦးစားပေးအနေဖြင့် ရွေးချယ်ထားကြောင်း ဘဏ္ဍာနှစ်အလိုက် ဦးစားပေးဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး လာမည့် ၂၀၂၂ ခုနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့ရှိ မြို့ပတ်ရထားလမ်းများတွင် ယာဉ်သွားလာမှုများသောရထားလမ်းနှင့် ကားလမ်းဆုံများပေါ်တွင် ခုံးကျော်တံတားများတည်ဆောက်ခြင်း၊ လက်ရှိ တည်ဆောက်ပေးထားသည့်တံတားများမှာလည်း ဟောင်းနွမ်းနေပြီဖြစ်သောကြောင့် ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ရထားပို့ဆောင်ရေးကဏ္ဍတိုးတက်ရေးအတွက် ဂျပန်ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၇ သန်းဖြင့် အဆင့်မြှင့်တင်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ မြို့ပတ်ရထားများစီးနင်းရာတွင် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ခြံစည်းရိုးကာရံခြင်းများကိုလည်း ဆောင်ရွက်သွားရန်ရှိနေပြီး ရန်ကုန်ရထားမြို့ပတ်လမ်းတစ်လျှောက် ပေ ၂၀၀၀၀ ခန့်ကို ခြံစည်းရိုးခတ်သွားမည်ဖြစ်ရာ လာမည့် ၂၀၂၂ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်မည်ဟု လျာထားကြောင်း၊ ထို့ပြင် မြို့ပတ်ရထားများကို မိုင်နှုန်းမြင့်ကာ ပြေးဆွဲနိုင်ရေးအတွက် လူအတက်အဆင်းနည်းသောဘူတာများ ဖြုတ်သိမ်းခြင်းနှင့် တခြားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**စိုးမိုး**

# မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံးမှ ပန်းချီ သမိုင်းစဉ်နှင့်ပတ်သက်သော သင်တန်းကို ပထမဆုံးအကြိမ် အခမဲ့ဖွင့်လှစ်ပေးမည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး (ဗဟို) တွင် ပန်းချီသမိုင်းစဉ်နှင့်ပတ်သက်သောသင်တန်းကို ပထမဆုံးအကြိမ် အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း အဆိုပါအစည်းအရုံးမှ သိရသည်။

သင်တန်းကို သင်တန်းသားဦးရေ ၂၀ ဦးအထိ စတင်လက်ခံသင်ကြားပေးမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) ပြန်ကြားရေးဌာန၌ စတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဧပြီလအတွင်း စတင်ဖွင့်လှစ်သွားနိုင်ရန်လျာထားပြီး ဖွင့်လှစ်မည့်ရက်နှင့်အချိန်ကာလကို မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး (ဗဟို) ပြန်ကြားရေးဌာနမှ အသေးစိတ် ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ ပန်းချီသမိုင်းစဉ်သင်တန်းကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့်အတူ တခြားသော သင်တန်းများကိုလည်း ပုံမှန်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မတ် ၄ ရက်တွင် နွေရာသီ ကလေးပန်းချီသင်တန်းကိုလည်း အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ခြောနွယ်ကပြောသည်။

ခေတ်စနစ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ပန်းချီပညာရပ်များမှာလည်း ဖွံ့ဖြိုးတိုးတက်လာပြီး ယင်းကဲ့သို့ တိုးတက်လာခြင်းအပေါ် မြန်မာ့ပန်းချီပညာရပ်များနောက်ကျမကျန်ရစ်စေရန် အခမဲ့ပန်းချီသင်တန်းများဖွင့်လှစ်ပြီး ပန်းချီပညာရပ်ဖြန့်ဝေသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိ မြန်မာ့ပန်းချီလက်ရာမှာ ပြည်ပနိုင်ငံများနှင့် ယှဉ်နိုင်သောအဆင့်ရှိပြီး ပြည်ပဈေးကွက်လည်း ရှိနေသည့်အဆင့်သို့ရောက်ရှိနေပြီဖြစ်ကာ မကြာမီတွင် မူပိုင်ခွင့်နှင့်ပတ်သက်သော ဥပဒေများ ထွက်ရှိလာပါက ပန်းချီပညာရပ်မှာ ယခုထက်ပို၍ များစွာတိုးတက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**kaykay**

# ပထမတန်းသင်ရိုးညွှန်းတမ်း နည်းပြသင်တန်းကို မတ် ၂၄ ရက်တွင် စတင်မည်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများအတွက် ပထမတန်း သင်ရိုးညွှန်းတမ်းနည်းပြသင်တန်းကို မတ် ၂၄ ရက်တွင် စတင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အဆိုပါ ပထမတန်းသင်ရိုးညွှန်းတမ်းကို ပြောင်းလဲမည်ဖြစ်ရာ ယူနက်စကိုနှင့် အခြေခံပညာသင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့တို့ ပူးပေါင်းရေးဆွဲခြင်းလည်းဖြစ်ကြောင်း၊ သင်တန်းများပေးရာတွင် တိုင်းဒေသကြီးအဆင့်ပြီးပါက မြို့နယ်အဆင့်၊ ကျောင်းအဆင့် စသည်ဖြင့် အဆင့်လိုက်သင်တန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို အခြေခံပညာကျောင်းဆရာ၊ ဆရာမများကလည်း စိတ်ဝင်စားမှုရှိပြီး အခြေခံပညာကျောင်းများ၏ စာမေးပွဲများပြီးစီးချိန်တွင် စတင်သင်တန်းပေးသွားမည်ဖြစ်ကြောင်း၊ ပြောင်းလဲကျင့်သုံးသည့် KG+12 ပညာရေးစနစ်အရ ယခုပညာသင်နှစ်တွင် အတန်းတိုင်းတွင် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးမည်ဖြစ်သည်။

ပထမတန်းတွင် သင်ကြားပေးမည့် အခြေခံပညာကျောင်းဆရာ၊ ဆရာမများကို လေ့ကျင့်သင်ကြားပေးရန် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ဗဟိုအဆင့်နည်းပြသင်တန်းများ ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းဖွင့်ချိန်မတိုင်မီ မတ်လနှင့်မေလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး**

# ၁၇ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ်ကမ္ပည်းပြားကို အ-ထ-က (၆) ဗိုလ်တထောင်တွင် တပ်ဆင်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ရှိ သမိုင်းဝင်နာမည်ကျော်ကြားသော အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်ကို ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ၁၇ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းကို ယနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်မြို့တော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အပြာရောင်ကမ္ပည်းပြားတပ်ဆင်ရခြင်း၏ ရည်ရွယ်ချက်မှာ ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံးဖော်ပြနိုင်မည့်နည်းလမ်းများအနက်မှ တစ်ခုဖြစ်ကြောင်းနှင့် အများပြည်သူများက တိုက်ရိုက်ထိတွေ့နိုင်မည်ဖြစ်သည့် အဆိုပါကမ္ပည်းများမှတစ်ဆင့် ရန်ကုန်မြို့၏ သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှပြည်သူများ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခင်က စိန့်ပေါလ်အထက်တန်းကျောင်းအဖြစ် ထင်ရှားခဲ့သော အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်သည် ရန်ကုန်မြို့ရှိ သက်တမ်းအရင့်ဆုံးအထက်တန်းကျောင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မူလစိန့်ပေါလ်ကျောင်းကို ဘုန်းတော်ကြီး Paul Bigandet က တည်ထောင်ခဲ့ပြီး ယောကျ်ားလေးသီးသန့်သစ်သားကျောင်းဖြစ်သည်။ ယနေ့ တွေ့မြင်နေရသည့် ကျောင်းအဆောက်အအုံကို ၁၈၈၅ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။ ၁၉၀၀ ပြည့်နှစ်နှင့် ၁၉၀၈ ခုနှစ်တို့တွင် တိုးချဲ့ဆောင်များ ထပ်မံတည်ဆောက်ခဲ့ပြီး အဆောက်အအုံမှာ အင်္ဂလိပ်အကွေ့ရာ U ပုံသဏ္ဌာန်ဖြစ်လာခြင်းဖြစ်သည်။ ၁၉၆၅ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်တွင် စိန့်ပေါလ်ကျောင်းကို ပြည်သူပိုင်အဖြစ် သိမ်းခဲ့ပြီး အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်အဖြစ် အမည်ပြောင်းလဲခဲ့သည်။ **လင်းခန့်၊ထက်နိုင်(စမ်းချောင်း)**



ဓာတ်ပုံ-လင်းခန့်

# တိရစ္ဆာန်ဆေးကုသရေးဆိုင်ရာ ဆရာဝန်နှင့် သူနာပြုများကို ပြည်ပနိုင်ငံသို့ ပညာသင်စေလွှတ်မည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့၌ဖွင့်လှစ်မည့် တိရစ္ဆာန်ဆေးရုံ၌ ဆေးကုသရေးဆိုင်ရာ ဆရာဝန်နှင့် သူနာပြုများကို ယခုလအတွင်း ထိုင်းနိုင်ငံသို့ တစ်လကြာသင်တန်း စေလွှတ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်မှုနည်းပညာနဲ့ ခွဲစိတ်ကုသမှုပိုင်းတွေကို နိုင်ငံခြားပညာရှင်တွေက လက်တွေ့လာရောက်သင်ကြားပေးမယ်။ ကိုယ့်နိုင်ငံရဲ့ ပထမဆုံး တိရစ္ဆာန်ဆေးရုံဖြစ်လာမယ့် နေရာမှာ ကျွမ်းကျင်ဆရာဝန်ရှိတော့ ပိုကောင်းလာမှာပေါ့။ မျိုးပွားမှုထိန်းချုပ်ရေးနဲ့ပတ်သက်တဲ့အချက်အလက်တွေကို အဓိကဦးစားပေးမယ်" ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံတစ်ခုကို တိရစ္ဆာန်ဆေးရုံအဖြစ် ပြန်လည်တည်ဆောက်မည်ဖြစ်ကာ အဆိုပါဆေးရုံသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌တည်ရှိမည်ဖြစ်ကာ မြေဧက ၁၅၀ စတုရန်းပေခန့် ကျယ်ဝန်းကြောင်း သိရသည်။

အဆိုပါသင်တန်းအတွက် တိရစ္ဆာန်ဆေးကု ဆရာဝန်သုံးဦး၊ သူနာပြုဆရာမသုံးဦးနှင့် ကြီးကြပ်သူတစ်ဦးတို့ကို ရွေးချယ်ခဲ့ပြီး ယခင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏ဇနီးဖြစ်သူ မစ္စက်မစ်ချယ်၏ အစီအစဉ်ဖြင့် သင်တန်းစေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရုံပြုပြင်တည်ဆောက်မည့်ကုန်ကျစရိတ်များကို မစ္စက်မစ်ချယ်က လှူဒါန်းပေးမည်ဖြစ်ပြီး အဆိုပါဆေးရုံ၌ ခွေးကောင်ရေ ၁၂၀ ခန့် တစ်ပြိုင်နက် ဆေးကုသမှုခံယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်းကို**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်လှစ်

မန္တလေး မတ် ၂

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ဝါဆိုကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယက အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တဝိဇယက အဖွင့်ဩဝါဒစကားမြွက်ကြားပြီး သင်တန်းဖြစ်မြောက်ရေးအတွက်လှူဒါန်းသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဗုဒ္ဓဘာသာရင်သွေးငယ်များ ဗုဒ္ဓဘာသာနှင့်ထိတွေ့နီးစပ်ပြီး အသိလိမ္မာယဉ်ကျေးမှုရရှိစေရန်၊ ဘာသာရေးအသိဉာဏ်နှင့်အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသောစိတ်ဓာတ်တိုးပွားစေရန်၊ မြတ်ဗုဒ္ဓ၏ အခြေခံကိုယ်ကျင့်တရားများကို ရင်သွေးငယ်လေးများ လက်တွေ့လိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅၀ ဦးကို မတ် ၁ ရက်မှ ဧပြီ ၁ ရက်အထိ ဝါဆိုကျောင်းတိုက်မှ ဆရာတော်များက သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)

## ခင်ဦးမြို့နယ်၌ လျှပ်စစ်စက်ရေတင် တည်ဆောက်ခြင်းလုပ်ငန်းများတွင် ပါဝင်ခဲ့သည့်မြေနေရာအတွက် လျော်ကြေးငွေများပေးအပ်

ခင်ဦး မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ ရွှေဘိုခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)က ဆောင်ရွက်ခဲ့သော အောင်သီရိလျှပ်စစ်စက်ရေတင်လုပ်ငန်း(၁)၊ အောင်မင်္ဂလာလျှပ်စစ်စက်ရေတင်လုပ်ငန်း(၂) တည်ဆောက်ခြင်းလုပ်ငန်းတွင် ပါဝင်သွားသည့်မြေနေရာအတွက် တောင်သူများအား လျော်ကြေးငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူးက အောင်သီရိ(၁)နှင့် အောင်မင်္ဂလာ(၂) လျှပ်စစ်စက်ရေတင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းရည်ရွယ်ချက်နှင့် လျှပ်စစ်စက်ရေတင်တည်ဆောက်ရာတွင် ပါဝင်သွားသည့်မြေနေရာများကို မြေယာလျော်ကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် အောင်သီရိလျှပ်စစ်စက်ရေတင်လုပ်ငန်း(၁)တွင် ပါဝင်သွားသော တောင်သူ ၅၁ ဦး၏မြေဧက ၃၀၀ အတွက် မြေယာလျော်ကြေးငွေကျပ် ၁၈၁၈၀၀၀၀ ကိုလည်းကောင်း၊ အောင်မင်္ဂလာလျှပ်စစ်စက်ရေတင်လုပ်ငန်း(၂)တွင် ပါဝင်သွားသော တောင်သူ ၄၂ ဦး၏ မြေဧက ၄၀၀ အတွက် မြေယာလျော်ကြေးငွေကျပ် ၄၉၂၇၀၀၀၀ ကိုလည်းကောင်း တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းစီထံ ပေးအပ်ကြောင်း သိရသည်။

လျော်ကြေးငွေပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် နစ်နာသူတောင်သူများ တက်ရောက်ကြောင်း သိရသည်။

စံကျော်အုန်း

### သဇင်(FM)အသံလွှင့်အစီအစဉ်

**၃-၃-၂၀၁၇(သောကြာနေ့)**

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၀း၄၀ Series Album
၃။ ၁၂း၁၅ Listener Choice
၄။ ၁၄း၃၀ ဟာသကမ္ဘာ
၅။ ၁၅း၃၀ ရင်ခုန်သံထပ်တူ
၆။ ၁၆း၃၀ ပြန်လည်ခံစား ဇာတ်လမ်းများ
၇။ ၂၀း၃၀ ချစ်ခွန်းတေးသံ ချစ်သူထံ
၈။ ၂၁း၀၀ ဇာတ်လမ်းပမာ
၉။ ၂၂း၀၀ Magic Dream

## လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းဆောင်ရွက်



နေပြည်တော် မတ် ၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အုပ်စု ထုံးဘို၊ နှမ်းခင်းကြီးကျေးရွာတို့၌ မွေးကင်းစမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ဆောင်ရွက်ပေးသည်။

အဆိုပါဆေးတိုက်ကျွေးခြင်းကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပိုလီယိုပပျောက်ရေးအရာရှိက လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျည်တောင်ကန်ကျန်းမာရေးဌာနမှ သားဖွားဆရာမနှင့် ဝန်ထမ်းများက မွေးကင်းစမှ နှစ်နှစ်အောက်ကလေးငယ်များကို ဘီစီဂျီကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်အစက်ချဆေး၊ ပိုလီယိုကာကွယ်ထိုးဆေး၊ ဝက်သက်ဂျိုက်သိုးကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင်မိခင်များကို မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးကြောင်း သိရသည်။

(၄၁၃)

## လျှပ်စစ်မီးမရရှိသော တောင်သာမြို့နယ် ပြဿဒ်ကြီးကျေးရွာနေပြည်သူများအား ထင်းများဖြန့်ဝေ

တောင်သာ မတ် ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် လှည်းကူးမကျေးရွာအုပ်စု ပြဿဒ်ကြီးကျေးရွာ သစ်တောကြိုးဝိုင်း၌ ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျေးရွာနေဒေသခံပြည်သူများကို ထင်းများအခမဲ့ဖြန့်ဝေပေးသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် တောင်သာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးမင်းနှင့်ဝန်ထမ်းများက သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ အတွင်းဆောင်ရွက်ထားသော မွေးတာမျိုးဆက်ခြင်းလုပ်ငန်း ဧက ၁၀၀ မှ ထွက်ရှိသည့် ထင်း ၇ ဒသမ ၇၆၁ တန်ကို ပြဿဒ်ကြီးကျေးရွာမှ ဒေသခံပြည်သူများအား ဖြန့်ဝေပေးသည်။

အဆိုပါကျေးရွာများအနေဖြင့် လျှပ်စစ်မီးမရှိသောကြောင့် ချက်ပြုတ်ရာတွင် ထင်းကိုသာ အသုံးပြုနေရပြီး ထင်းကိုစည်းကမ်းမဲ့ခုတ်ယူမှုကြောင့် သစ်ပင်များပြုန်းတီးခဲ့ရသဖြင့် သစ်ပင်များနည်းပါးလာသည့်အတွက် ရာသီဥတုဖောက်ပြန်မှုများရှိလာသောကြောင့် ဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

## စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်

နွားထိုးကြီး မတ် ၂

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက စိုက်ပျိုးရေးဌာန၏မူဝါဒလုပ်ငန်းစဉ်များနှင့် ဌာနတာဝန်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါနည်းပညာပေးသင်တန်းတွင် ကန်နားကျေးရွာ၊ ခက်လန်းကျေးရွာ၊ ပြင်စည်ကျေးရွာ၊ ဝက်လူးကျေးရွာ၊ ပဲချက်ကျေးရွာနှင့် လက်ဝဲ-မြင်းနီကျေးရွာတို့မှ တောင်သူ ၃၅ ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၂၅ ဦးတို့ကို မျိုးကောင်းမျိုးသန့်မျိုးစေ့ပွားများ ထုတ်လုပ်ခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်ရေးနှင့် မြေဆီလွှာဆိုင်ရာပြဿနာများ၊ ပိုးမွှားရောဂါကာကွယ်ခြင်းနှင့် နှိမ်နင်းခြင်း၊ GAP လိုက်နာကျင့်သုံးဆောင်ရွက်ရေးနည်းပညာ၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရေးနည်းပညာ၊ သီးနှံအရည်အသွေးပြည့်မီရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးနည်းပညာ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ လိုက်နာကျင့်သုံးရေးနည်းပညာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပို့ချပေးကြောင်း သိရသည်။

သန်းအောင်ဇော်

## မြင်းခြံအကျဉ်းထောင်၌ အ သုံးလုံးနှင့် စက်ပြင်သင်တန်းဖွင့်လှစ်သင်ကြား



မြင်းခြံ မတ် ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အကျဉ်းထောင်၌ ယမန်နေ့ နံနက် ၉ နာရီက အ သုံးလုံးသင်တန်းနှင့် အသက်မွေးဝမ်းကျောင်း စက်ပြင်သင်တန်းဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြင်းခြံအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများထဲမှ စာမတတ်သူ ၂၄၄ ဦးရှိရာ အမျိုးသား ၅၀၊ အမျိုးသမီး ၅၀ ကို သင်ကြားပေးမည်ဖြစ်ပြီး စာကို ရေးနိုင်၊ ဖတ်နိုင်မှသာလျှင် သင်တန်းပြီးဆုံးစေမည်ဖြစ်ကာ ကျန်ရှိနေသူများကိုလည်း ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စက်ပြင်သင်တန်းသား ၃၂ ဦးကိုလည်း အကျဉ်းထောင်၌ပြစ်ဒဏ်ကျခံနေရစဉ်အတွင်း ဘဝအာမခံချက်ရရှိစေရန်အတွက် စက်ပြင်ပညာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်အောင်သင်ကြားပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ဇော်မင်းနိုင်(မြင်းခြံ)

www.facebook.com/themyawadydaily

# ဆလုံလူမျိုးတို့ ပျော်မွေ့ရာပင်လယ်ပြာ

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ကြွယ်ဝပြည့်စုံသည့် နိုင်ငံဖြစ်ပြီး လှပသောကမ်းခြေများ၊ တောတောင်ရေမြေများ၊ ကျွန်းစုများအပါအဝင် ရိုးသားပွင့်လင်း၍ ဖြူစင်သောစိတ်ထားတို့ကြောင့် အလှပေါ်အယဉ်ဆင့်ကာ ပြည်ပနိုင်ငံများမှ ခရီးသွားဧည့်သည်များအတွက် လာရောက်အပန်းဖြေရန် လက်ယပ်ခေါ်သလိုရှိနေလေသည်။

သဘာဝအလှအပများကို ခံစားရုံသက်သက်သာမက မြန်မာ့ယဉ်ကျေးမှု ဗိသုကာလက်ရာများ၊ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများနှင့် ထွက်ကုန်ပစ္စည်းများ၊ သဘာဝအခြေခံသည့် လူနေမှုပုံစံများ၊ ရိုးရာဓလေ့ပွဲလမ်းသဘင်များ၊ ဝတ်စားဆင်ယင်မှုများကိုလည်း ထဲထဲဝင်ဝင်သိရှိနိုင်လေသည်။ ထိုသဘာဝနယ်မြေများထဲ၌ အပါအဝင်ဖြစ်သည့် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးရှိမြို့မှာ ကော့သောင်းမြို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကုန်းမြေအဆုံးဖြစ်သော အငူကို အင်္ဂလိပ်တို့က ကိုလိုနီခေတ်တွင် ဝိတိုရိယဘုရင်မကြီးကို ဂုဏ်ပြု၍ ဝိတိုရိယပွိုင့်ဟု အမည်ပေးခဲ့သည်။ ထိုအငူမှ ပါချန်မြစ်အား မျှော်ကြည့်လျှင် ထိုင်းနိုင်ငံဘက်ကမ်းကိုတွေ့ရပြီး ထိုပါချန်မြစ်ကို မြန်မာနှင့် ထိုင်းတို့ ရေလယ်တွင်နယ်နိမိတ်သတ်မှတ်ထားသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ထိုအငူကို ဘုရင့်နောင်ကျော်ထင်မင်းတရားကြီးအား ဂုဏ်ပြု၍ ဘုရင့်နောင်အငူဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ ထိုအငူမှာ ကော့သောင်းမြို့နယ်အတွင်း၌တည်ရှိပြီး အနီးဝန်းကျင်၌ ငါးသုံးလုံးတောင်၊ သူဌေးကျွန်းစသည်တို့တည်ရှိလေသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ထိုင်းနိုင်ငံနှင့် အကူးအသန်းရှိခြင်းတို့ကြောင့် စည်ကားသည်။ ထိုင်းနိုင်ငံမှ လူသုံးကုန်၊ စားသောက်ကုန်များကိုလည်း ကော့သောင်းဈေး၌ ဝယ်ယူရရှိနိုင်သည်။ ထို့မှတစ အသီးအနှံ၊ ပန်းမန်၊ သားငါးများကိုလည်း ထိုင်းနိုင်ငံမှ ဝယ်ယူရောင်းချကြသည်။

ယင်းကဲ့သို့ လှပသောကျွန်းများ၊ ပင်လယ်ပြင်များ၊ သစ်တောများနှင့် ကမ္ဘာ့ရှားပါး၍ မျိုးသုဉ်းလုနီးပါးဖြစ်သော ကျားသတ္တဝါများကိုလည်း တနင်္သာရီတိုင်းဒေသကြီး၌ တွေ့မြင်နိုင်ပြီး ရေအောက်သန္တာကျွန်းများ၊ ပုလဲမွေးမြူရေးလုပ်ငန်းများ၊ စားအုန်းဆီပင်စိုက်ပျိုးရေး၊ ရော်ဘာ၊ ကဏန်းမွေးမြူရေးလုပ်ငန်းများ စသည့်လုပ်ငန်းများတည်ရှိရာ ကျွန်းစုမြို့နယ်များနှင့် ထိစပ်လျက်ရှိသော ပင်လယ်ပြင်၊ ကျွန်းများ၌နေထိုင်သော ဆလုံလူမျိုးများကို တွေ့ရှိနိုင်လေသည်။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးနေထိုင်လျက်ရှိရာ ကချင် ၁၂ မျိုး၊ ကယား ကိုးမျိုး၊ ကရင် ၁၁ မျိုး၊ ချင်း ၅၃ မျိုး၊ ဗမာ ကိုးမျိုး၊ မွန် တစ်မျိုး၊ ရခိုင် ခုနစ်မျိုး၊ ရှမ်း ၃၃ မျိုးဟူ၍ လေ့လာမှတ်သားမိသကဲ့သို့ ဗမာကိုးမျိုးတွင် ဗမာ၊ ထားဝယ်၊ မြိတ်၊ ယော၊ ရဘိန်း၊ ကဒူး(ခဲ့ကူး)၊ ကနန်း၊ ဆလုံ၊ ဖုန်း(ဖွန်) ဟူ၍ရှိလေရာ ဗမာကိုးမျိုးတွင် အပါအဝင်ဖြစ်သော ဆလုံလူမျိုးတို့အကြောင်းကို ဖော်ပြရေးသားလိုပေသည်။



မော်ကင်းဆလုံလူမျိုးတို့သည် မြန်မာနိုင်ငံတောင်ဘက်စွန်း၌တည်ရှိသော ပင်လယ်ထဲရှိ ကျွန်းများပေါ်၌ နေထိုင်လျက်ရှိကြသည်။ ရှေးကာလများကမူ ဆလုံတို့သည် ပင်လယ်ကမ်းခြေအနီးရေပြင်၌ လှေများကို အိမ်သဖွယ်ပြုလုပ်ကာ လှည့်လည်သွားလာနေထိုင်လေ့ရှိသည်။ ယခုခေတ်တွင် အော်များ၊ ဂလက်များတွင် နေထိုင်သည့်အလေ့အထဖြစ်လာသည်။

အော်နှင့် ဂလက်ဆိုသည်မှာ ပင်လယ်ပြင်မှ လေ၊ မိုးပြင်းထန်သည့်ဒဏ်ကို အကာအကွယ်ရစေသည့် လေကွယ်၊ မိုးကွယ်ရာဒေသကိုခေါ်ခြင်းဖြစ်သည်။ မြိတ်နှင့်နီးသော မကြုံဂလက်တွင်လည်း ဆလုံလူမျိုးများနေထိုင်လျက်ရှိသည်။ ကော့သောင်းမြို့နယ်အတွင်းရှိ ဆူငယ်ဘာလိုင်း၊ အောင်ဘာ၊ အော်ကြီး၊ ချမ်းဖမ်း၊ ပုလုံးတုံတုံး၊ မပုတေး စသည့်ရွာများ၌လည်း နေထိုင်ကြသည်။ ထို့ပြင် ပလော်ကကျန်လိုကျွန်း၊ ဇာနီကျွန်း၊ ဇာဒက်ကြီး တောင်ခြေရှိရွာများဖြစ်သော ကော့ညော်ရွာ၊ တလွန်းရွာများ၌လည်း နေထိုင်ကြသည်။ ကော့ညော်ရွာနှင့် တလွန်းရွာသည် အကြီးဆုံးနှင့် ဆလုံလူဦးရေအများဆုံးနေထိုင်သောရွာကြီးဖြစ်သည်။

ဆလုံလူမျိုးများ၏ အဓိက အသက်မွေးဝမ်းကျောင်းအလုပ်မှာ ပုလဲငုပ်ခြင်း၊ ရေခူရာသီတွင် ရေခူဖမ်းခြင်း၊ ငါးဖမ်းခြင်း စသည့်လုပ်ငန်းများဖြစ်သည်။ ဆလုံလူမျိုးတို့အများဆုံး အသုံးပြုသည့်လှေမှာ ကဗန်းလှေဖြစ်သည်။ တောင်များ၊ ကျွန်းများပေါ်ရှိ ပင်စည်ကြီးမားသော သစ်ပင်များခုတ်လှဲဖြတ်တောက်၍ ပင်စည်ကို အပူပေးပြီးအဆင့်ဆင့်ထွင်းယူသည်။ အပေါ်ပိုင်းကို ပျဉ်ချပ်များဖြင့် ဆက်စပ်တည်ဆောက်ထားသော ကဗန်းလှေကိုသာ အသုံးပြုလေ့ရှိသည်။ အောက်ခြေတွင် ကြီးမားလေးလံသောပင်စည်ကို အခြေခံတည်ဆောက်ထားသဖြင့် ပင်လယ်ပြင်လှိုင်းများကြောင့် မည်မျှစောင်းစောင်း၊ မည်မျှလူးလူး နစ်မြုပ်ခြင်းမှဒဏ်ခံနိုင်သောလှေမျိုးဖြစ်သည်။ အကြောင်းကြောင်းကြောင့် မည်မျှစောင်းစောင်း ပြန်လည်တည့်မတ်လေ့ရှိသည်။

ဆလုံလူမျိုးတို့သည် မိမိတို့မွေးဖွားနေထိုင်ရာဒေသကို လွန်စွာချစ်ခင်တွယ်တာကြသည်။ မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးသော ပင်လယ်ပြင်တွင်းကျွန်းပေါ်ရှိ တောင်ခြေများ၊ ကျွန်းများ၌သာနေထိုင်ကြသည်။ မြို့ကြီးပြကြီးများနှင့် အလှမ်းဝေး အဆက်အသွယ်ပြတ်သည်အထိ သီးခြားနေထိုင်တတ်သည်။ ဆလုံလူမျိုးတို့၏ ကိုးကွယ်မှုဆိုင်ရာအယူအဆများမှာလည်း ကွဲပြားခြားနားသည်။ မိမိတို့ယုံကြည်ရာကို ကိုးကွယ်မှု၊ နတ်ကိုးကွယ်မှုများလည်း ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ဆလုံလူမျိုးတို့၏ ထူးခြားဆန်းပြားသော ဓလေ့များနှင့် ကွဲပြားခြားနားသော ကိုးကွယ်မှုများကြောင့် မြို့ပြ၌နေထိုင်ကြသောလူအများနှင့် တသီးတခြားဖြစ်နေသည်ဟု ထင်ရသည်။

ယခင်က ဆလုံလူမျိုးများသည် ယင်းတို့၏ဘာသာစကားကိုပြောဆိုကြသော်လည်း ယခုအခါတွင် ဆလုံလူမျိုးများတွင် ဗမာစကားပြောတတ်သူများရှိလာပြီဖြစ်သည်။ မိမိတို့ ဆလုံချင်းဆိုလျှင် ဆလုံဘာသာစကားကိုသာပြောကြသည်။ ဗမာများနှင့်ဆက်ဆံကြမှသာ ဗမာစကားပြောလေ့ရှိသည်။ တစ်မှ ၁၀ အထိ ကိန်းဂဏန်းကို ရေတွက်ရာ၌ သူတို့ဆလုံအသံထွက်ဖြစ်သော ခွပ်၊ ဒွပ်တလွိန်း၊ ပမ့်၊ နစ်မန့်၊ နာမ်(မ်)၊ ဝူကျ၊ ဝလေ့၊ ချပိုင်၊ ကပေါ့ စသည့် ဆလုံအသံထွက်များဖြင့်သာ ရေတွက်လေ့ရှိကြသည်။ ယခုအခါ ကူးလူးဆက်ဆံမှုများပြားလာ၍ ဗမာလိုတွက်ချက်သူများရှိလာပြီဖြစ်သည်။

မှန်သည်ကို မှူနဲ့(ရ်)၊ မှားသည်ကို ဖလမ်းကပ်၊ အဖေကို အပေါင်း၊ အမေကို အနောင်း၊ သားကို အနမ်၊ သမီးကို အနိုင်း၊ ယောကျ်ားလေးကို ကော်၊ မိန်းကလေးကို မဲ့၊ နေကောင်းလားကို နလော်နီအမောဘိုင်း၊ ကျေးဇူးတင်ပါတယ်ကို ဌန်း(န်)အိုး၊ နာမည်ဘယ်လိုခေါ်လဲကို နလော်အညန်းအနုလန်း၊ သမီးရည်းစားကို ကော်နန်း၊ ရဲဘော်ကို မာတာ၊ ယောကျ်ားကို ကပ်နိုင်း၊ ဇနီးကို ဘီနိုင်း စသည့်ဗမာစကားများပြောလေ့ရှိသည့်ဝေါဟာရအဓိပ္ပာယ်များကို ယင်းတို့၏ဆလုံစကားများဖြင့် ပြောတတ်နေကြပြီဖြစ်သည်။ ထို့ပြင် ဗမာတို့၌ အရပ်လေးမျက်နှာအခေါ်အဝေါ်ကိုလည်း ဆလုံတို့က အရှေ့အရပ်ကို ဖဲလပ်တပ်ကော၊ အနောက်အရပ်ကို ဖဲလပ်ဇလပ်၊ တောင်အရပ်ကို ပေါ့လိုင်း၊ မြောက်အရပ်ကို ပစ်ရပ်ဟုခေါ်ဝေါ်ကြသည်။

ယခုကာလတွင် ဇာဒက်ကြီးကျွန်းတောင်ခြေရှိ တလွန်းရွာ၌ မြန်မာရဟန်းတော်တစ်ပါးဦးဆောင်မှုဖြင့် ကိုးတောင်ပြည့်စေတီတစ်ဆူတည်ထားကိုးကွယ်နိုင်သည်ကိုလည်းတွေ့ရသည်။ ယင်းစေတီကို မြန်မာလို ဆုတောင်းပြည့်အေးစေတီဟု ဘွဲ့အမည်ပေးထားသည်။ ကော့သောင်းမြို့မှ ဆရာတော်တစ်ပါးသည် ဆလုံကျွန်းသို့ကြွရောက်သီတင်းသုံးသည့်အချိန်မှစ၍ တလွန်းရွာမှာ တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ နတ်ကိုးကွယ်ရာမှ ဗုဒ္ဓဘာသာသို့ ပြောင်းလဲကိုးကွယ်သူများရှိလာသည်။ စာသင်ကျောင်း၊ ဆေးပေးခန်း၊ စေတီတို့သာမက ဆလုံယဉ်ကျေးမှုပြတိုက်တစ်ခုကိုလည်း တည်ဆောက်ထားသည်။ ထိုဆလုံယဉ်ကျေးမှုပြတိုက်တွင် ဆလုံတိုင်းရင်းသားရိုးရာနတ်တိုင်၊ နတ်အိမ်၊ နတ်ဘုရား၊ ဗုံ၊ ဖျာ၊ လှေထွင်းသည့်ဓား၊ တစေးပလွေ၊ ဝါးလက်ခုပ်၊ ခက်ရင်းထည့်ခြင်း၊ ငါးထိုးသည့်စူးနှင့် ကဗန်းလှေပုံစံငယ်များပြသထားသည်။

ထို့ပြင် ပင်လယ်ရေအောက်နှင့် ပင်လယ်ထွက်အလှအပပစ္စည်းများကိုလည်း ပြသထားသည်။ ဆလုံလူမျိုးမတိမ်ကောမကွယ်ပျောက်စေရန် ဆလုံရိုးရာထိန်းသိမ်းရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအခွန့်ရှည်ရန် စသည့်ရည်ရွယ်ချက်သုံးရပ်ဖြင့် ဆလုံယဉ်ကျေးမှုပြတိုက်ကို ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ကူးလူးဆက်ဆံမှုများပြားသောခေတ်ကာလအချိန်ဖြစ်၍ ဆလုံများပိုမိုယဉ်ကျေးလာကြပြီဖြစ်သည်။ ၁၉၆၅-၁၉၆၆ ခုနှစ် ပတ်ဝန်းကျင်အချိန်က ဆလုံအမျိုးသမီးများ ခန္ဓာကိုယ်အထက်ပိုင်းအဝတ်မဝတ်ဘဲ နေထိုင်လေ့ရှိကြသည်။ ယခုအချိန်တွင် ယဉ်ယဉ်ကျေးကျေးလုံလုံခြုံခြုံဝတ်ဆင်နေကြပြီဖြစ်သည်။ ဆလုံတို့သည် သူတို့၏လုပ်အားမှရသည့် ပင်လယ်ထွက်ပစ္စည်းများရောင်းချကာ သူတို့၏စားရေရိက္ခာ၊ လူ့အသုံးအဆောင်ပစ္စည်း၊ ငါးဖမ်းကိရိယာ စသည်တို့ကိုဝယ်ယူရန် တစ်ဖက်အိမ်နီးချင်း ထိုင်းနိုင်ငံ၊ ဖမ်ဖလား၊ ရနောင်းမြို့တို့နှင့်လည်း ကူးလူးဆက်ဆံနေကြပြီဖြစ်သည်။ ဖမ်းဆီးရမိသော ငါးများ၊ ရေခူများကို ကော့သောင်းမြို့သို့သာမက တစ်ဖက်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသို့ သွားရောက်ရောင်းချနေကြပြီဖြစ်သည်။

ထိုသို့ အမြင်ကျယ်လာကာ ယဉ်ကျေးမှု၊ လူနေမှုဘဝများ ကူးလူးဆက်ဆံမှုရှိလာကြသော်လည်း ဆလုံလူမျိုးတို့၏ လူမျိုးရေးလက္ခဏာ၊ စရိုက်၊ ယဉ်ကျေးမှုတို့ မပျောက်ပျက်စေရန် ထိန်းသိမ်းထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**မောင်မောင်မိုးအောင်**

# မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးတော့မည်

မန္တလေး မတ် ၂

မန္တလေးမြို့နန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ်လကုန်ပိုင်းတွင် ပြီးစီးတော့မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး) ညွှန်ကြားရေးမှူး ဦးညီမြင့်ထွန်းထံမှ သိရသည်။

အဆိုပါ မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ အစိတ်အပိုင်းတချို့မှာ နှစ်ပေါင်းများစွာကြာမြင့်လာမှုကြောင့် ပျက်စီးယိုယွင်းလာသဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကာ ယခုလကုန်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ထို့ပြင် မန္တလေးနန်းတွင်းကို ရေရှည်ထိန်းသိမ်းနိုင်ရန် မြို့ရိုးပတ်လည်ရှိ ရေညှိများကို ပေါင်းသတ်ရှင်းလင်းခြင်း၊ ရေလုံဆေးအသုံးပြု၍ အနားသတ်ကြားသိပ်ခြင်း၊ မြို့ရိုးအုတ်နံရံတွင် ပျက်စီးလစ်လပ်နေသောနေရာများကို ပြုပြင်ခြင်း၊ အက်ကွဲကျိုးပဲ့နေသောအုတ်များနှင့် ဆွေးမြည့်နေသောအုတ်များကိုဖယ်ရှားပြီး ရှေးဟောင်းအုတ်အရွယ်အစားအတိုင်း အစားထိုးဆောင်ရွက်ခြင်း၊ မြို့ရိုးကွဲအက်ပျက်စီးနေသည့်နေရာများကို ကာဗွန်ဖိုက်ဘာနည်းပညာ၊ Brick Stitching နည်းပညာ၊ Lime Grouting ထည့်သွင်းခြင်းနည်းပညာများအသုံးပြု၍ ကြံ့ခိုင်အောင်ဆောင်ရွက်လျက်ရှိသည်။

နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိပြီဖြစ်သော မန္တလေးနန်းတော် ရှေးဟောင်းကျုံးမြို့ရိုးနှင့် မြနန်းစံကျော်ရွှေနန်းတော်ကြီးမှာ ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာမှုများပြားကြောင်း၊ ယင်းအတွက် လာရောက်လေ့လာသူများအနားယူနိုင်မည့် ဥယျာဉ်ပန်းခြံများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးစိုး**

# မြန်မာသင်္ဘောသားလောက ဖွံ့ဖြိုးတိုးတက်ရေးတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ပညာဖလှယ်နိုင်မှုက အရေးကြီးအချက်တစ်ခုအဖြစ်ပါဝင်

ရန်ကုန် မတ် ၂

ကမ္ဘာ့ရေကြောင်းသွားလာမှုဆိုင်ရာ နည်းပညာများတိုးတက်လာသည်နှင့်အမျှ မြန်မာသင်္ဘောသားလောက ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် သင်္ဘောသားများအချင်းချင်းကြား ပညာဖလှယ်မျှဝေနိုင်မှုသည် အရေးကြီးအချက်တစ်ခုအဖြစ်ပါဝင်နေကြောင်း မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ကပ္ပတိန် ဦးဇင်မောင်ထွန်းထံမှ သိရသည်။

"မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ရဲ့ ၁၉၉၈ - ၁၉၉၉ ကျောင်းသားတွေက အခုဆို သင်္ဘောအရာရှိကြီးတွေအဖြစ် သင်္ဘောတွေမှာတာဝန်ယူနေကြပါပြီ။ တချို့က မျိုးဆက်သစ် သင်္ဘောသားတွေပေါ်ထွက်လာစေဖို့ ဆရာအဖြစ် တာဝန်ထမ်းဆောင်နေသူတွေရှိတယ်။ တချို့က သင်္ဘောကုမ္ပဏီကြီးတွေနဲ့ချိတ်ဆက်ပြီး သင်္ဘောကြီးတွေမှာ ကပ္ပတိန်တွေနဲ့ သင်္ဘောအင်ဂျင်နီယာတွေအဖြစ် လုပ်ကိုင်နေသူတွေရှိကြတယ်။ သင်္ဘောသားတွေက ဒီလိုနိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ နေရာပေါင်းစုံမှာ အလုပ်လုပ်တဲ့အတွက် အတွေ့အကြုံတွေအမျိုးမျိုး ရရှိလာကြတယ်။ ဒီအတွေ့အကြုံကောင်းတွေကို သင်္ဘောသားအချင်းချင်း အပြန်အလှန် ပညာရပ်တွေဖလှယ်ကြမယ်၊ မျှဝေကြမယ်ဆိုရင် သင်္ဘောသားလောက ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ပိုမြန်ပါလိမ့်မယ်" ဟု ကပ္ပတိန် ဦးဇင်မောင်ထွန်းကပြောသည်။

မြန်မာနိုင်ငံရှိ ရေကြောင်းပညာတက္ကသိုလ်နှင့် ကုန်သွယ်ရေကြောင်းကောလိပ် (ရေကြောင်းပညာသိပ္ပံ)တို့မှ ကျောင်းဆင်း အရာရှိများကို ပြည်ပသင်္ဘောလိုင်းအသီးသီးရှိ ကုမ္ပဏီကြီးများက သင်္ဘောသားများအဖြစ် အလုပ်ခေါ်ယူရာတွင် ဦးစားပေးခေါ်ယူကြောင်း သိရသည်။

"ကုန်သွယ်ရေကြောင်းကောလိပ်မှာ ဒီပလိုမာရရှိတဲ့ ရေကြောင်းအရာရှိပဲဖြစ်ဖြစ်၊ ရေကြောင်းပညာတက္ကသိုလ်မှာ ဘွဲ့ရရှိတဲ့ရေကြောင်းအရာရှိပဲဖြစ်ဖြစ် သင်ကြားလိုက်တဲ့ ပညာရပ်တွေနဲ့တင် ရပ်တန့်မနေဘဲ ခေတ်နဲ့အညီပြောင်းလဲနေတဲ့ ရေကြောင်းပညာရပ်နယ်ပယ်အသီးသီးကို ကိုယ်နဲ့ဆိုင်လို့ လေ့လာရသလို မဆိုင်တဲ့ရေကြောင်းပညာရပ်နယ်ပယ်ကိုလည်း လေ့လာရပါမယ်။ ဒါမှ ဘက်စုံထောင့်စုံကနေ နားလည်နိုင်တဲ့ သင်္ဘောသားကောင်းတစ်ဦးဖြစ်မှာပါ" ဟု ရေကြောင်းအတတ်ပညာများသင်ကြားပို့ချပေးနေသော အင်ဂျင်နီယာမှူး ဦးအောင်လင်းချိုကပြောသည်။ **မောင်မျိုး(ဧရာဝတီ)**



# ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်



ပဲခူး မတ် ၂

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဗဟိုစည်ပရိယတ္တိစာသင်တိုက်၌ ယနေ့နံနက် ၈ နာရီတွင် ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရွှေဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တောင်သူစုကျေးရွာ ပရဟိတဆရာတော် ဦးကိတ္တိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ယဉ်ကျေးလိမ္မာသင်တန်း ဦးဆောင်ဆရာတော် ဗဟိုစည်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တမေဓိကမှ ဩဝါဒမိန့်ကြားပြီး သင်တန်းတာဝန်ခံ ဦးတင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းအား လူငယ်လူရွယ်ကျောင်းသား၊ ကျောင်းသူများ ဗုဒ္ဓ၏အဆုံးအမတရားတော်များကို သိရှိလိုက်နာကျင့်သုံးပြီး လိမ္မာယဉ်ကျေးသောသူများဖြစ်လာစေရန်ရည်ရွယ်၍ မတ် ၂ ရက်မှ ၁၆ ရက်အထိ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲကာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်နိုး(ပဲခူး)**

# 3 MDG က ကျေးလက်ကျန်းမာရေးဌာန ၅၀ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းမည်

ရန်ကုန် မတ် ၂

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရေးအတွက် ကျန်းမာရေးဌာန ၅၀ ကို မေလတွင် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် သုံးမျိုးရန်ပုံငွေ (3 MDG) က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းမည်ဖြစ်ကြောင်း သိရသည်။

ယင်းဌာနများကို ကလေးသေဆုံးနှုန်းလျှော့ချရန်၊ မိခင်ကျန်းမာရေးတိုးတက်ကောင်းမွန်ရန်နှင့် အိတ်ချ်အိုင်ဗီ၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရန် ပံ့ပိုးပေးနေသော (3 MDG) က အမေရိကန်ဒေါ်လာ ၁၂ သန်းပံ့ပိုးကာ မြန်မာနိုင်ငံတစ်ဝန်း၌ ကျန်းမာရေးဌာန ၈၂ ခုကို စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မေလတွင် လွှဲပြောင်းပေးအပ်မည့် ကျန်းမာရေးဌာန ၅၀ မှာ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁၇ ခု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ကိုးခု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လေးခု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လေးခု၊ ကယားပြည်နယ်၌ ခြောက်ခု၊ ချင်းပြည်နယ်၌ ငါးခု၊ ရန်ကုန်တိုင်းဒေသကြီး၌ သုံးခုနှင့် မန္တလေးတိုင်းဒေသကြီး၌ နှစ်ခုဖြစ်ပြီး 3MDG က လက်ရှိအချိန်ထိ မကွေးတိုင်းဒေသကြီးရှိ ကျန်းမာရေးဌာန ၁၇ ခုနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ၁၅ ခုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနများတွင် မီးဖွားခန်း၊ အရေးပေါ်လူနာခန်းနှင့် လူနာစောင့်ဆိုင်းခန်းများ၊ လူနာကြည့်ရှုစစ်ဆေးခန်း၊ ရေသိုလှောင်ကန်များ၊ မီးရှို့ရန်နှင့် အချင်းမြှုပ်နှံရန် မြေတွင်းများ၊ ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံ၊ ဆေးသိုလှောင်ရာ အဆောက်အအုံတို့ကို ထည့်သွင်းဆောက်လုပ်ထားပြီး အရေးပေါ်အခြေအနေများ၌ လျှပ်စစ်မီးရရှိစေရန် ဆိုလာပြားများကိုတပ်ဆင်ထားကြောင်း သိရသည်။

(၄၄၇)

# မိုးလေဝသ သတင်း




# မြန်မာနိုင်ငံမှထွက်သည့် ဟင်းသီးဟင်းရွက်များကို စင်ကာပူနိုင်ငံရှိ Cold Storage စူပါမားကက် ၁၅ ခုတွင် စတင်ရောင်းချ




ရန်ကုန် မတ် ၂

မြန်မာနိုင်ငံထွက် ဟင်းသီးဟင်းရွက်များကို စင်ကာပူနိုင်ငံရှိ Cold Storage စူပါမားကက် ၁၅ ခုတွင် မတ် ၁ ရက်က စတင်ရောင်းချနေပြီဖြစ်ကြောင်း Myanmar Golden Produce (MGP) မှ သိရသည်။

အဆိုပါ စူပါမားကက်များတွင် မြန်မာနိုင်ငံမှ ခရမ်းကြွပ်သီး၊ ခရမ်းသီး၊ ဘိုစားပဲသီး၊ ရုံးပတီသီး၊ ငရုတ်သီး၊ သခွားသီးတို့ကို ရောင်းချလျက်ရှိပြီး Cold Storage စူပါမားကက်က မြန်မာနိုင်ငံမှ ဟင်းသီးဟင်းရွက်များကို ရောင်းချရန်နေရာပေးသဖြင့် ရောင်းနေခြင်းဖြစ်ကြောင်း Myanmar Golden Produce မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိရောင်းချနေသည့် ဟင်းသီးဟင်းရွက်များမှ ရုံးပတီသီးများကို ညောင်တုန်းနှင့် မအူပင်မြို့၊ ခရမ်းသီးနှင့် ခရမ်းကြွပ်သီးများကို ပြည်မြို့နှင့် ဘိုစားပဲသီးများကို ရှမ်းပြည်နယ်ရှိ အောင်ပန်းမြို့တို့မှ မှာယူရောင်းချနေပြီး တွင်ကျယ်မှုရှိပါက တခြားသီးနှံအမျိုးအစားများနှင့် ပမာဏများကို တိုးမြှင့်ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Cold Storage စူပါမားကက်သည် စင်ကာပူနိုင်ငံတစ်နိုင်ငံလုံး၌ ဆိုင်ခွဲပေါင်း ၄၈ ဆိုင်ရှိပြီး ပြည်တွင်းမှဟင်းသီးဟင်းရွက်များကို ဆိုင်ပေါင်း ၁၅ ဆိုင်၌ စတင်ရောင်းချခွင့် ရရှိခဲ့ကြောင်း သိရသည်။

(၄၄၇)

www.facebook.com/themyawadydaily



# စီးဆင်းရစ်လေဦး၊၊၊ဧရာဝတီ (ဒုတိယပိုင်း)

ထိလာစစ်သူ

**မြနှင်းရည်အသံသည် ကြည်လင်စူးရှပြီး အောင်မြင်လှသည်။ ရွှင်လန်းချမ်းမြေ့စွာသီဆိုရမည့်အပိုဒ်ဆိုလျှင် ကြားရသူများ၏ရင်ထဲဝယ် အေးချမ်းသာယာလျက် ပီတိများဖြာဝေစေတော့သည်။ ဝမ်းနည်းကြေကွဲစွာ သီဆိုရမည့်အပိုဒ်ရောက်လျှင် ရှိုက်သံ၊ ကရုဏာသံတို့ဖြင့် အနုပညာဂုဏ်မြောက်စွာ သီဆိုအစွမ်းပြတော့ရာ၊၊၊၊**

## အခန်းဆက်ဖော်ပြချက်

မြနှင်းရည်က ပြုံးရယ်လျက်နှင့်. . .

"သိပါတယ် ဆရာ။ ဒီကဗျာဆရာကို ကောင်းကောင်းသိပါတယ်။ ကျွန်မ အများကြီး ဆရာ့ကဗျာတွေဖတ်ဖူးပါတယ်။ ယခုလို တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မကို တပည့်တစ်ယောက်လိုပဲ သဘောထားပြီး ဆက်ဆံနိုင်ပါတယ်ဆရာ"

ဟိန်းက. . .

"ကောင်းပါပြီဗျာ။ ကျွန်တော်တို့လည်း မြနှင်းရည်ကို အများကြီးအားကိုးပါတယ်။ မြနှင်းရည်ရဲ့ တေးသီချင်းတွေ ကြားဖူးပါတယ်။ ရေဒီယိုမှာပေါက်နေတဲ့ နာမည်ကျော် အဆိုတော်တစ်ဦးပါပဲလေ"

မြနှင်းရည်က. . .

"ဟာ. . . ဆရာသိပ်မြှောက်မနေနဲ့နော်။ မြှောက်တက်သွားလို့ ဆရာမခိုင်းရဘဲ နေဦးမယ်။ တာဝတိံသာရောက်သွားပြီး ပြန်ဆွဲချမရဘဲ ထိပ်ကပ်နေလို့ မြနှင်းရည်ဒုက္ခဖြစ်နေပါဦးမယ်။ ကဲ. . . ဆရာကိုကော မြနှင်းရည်က ဘာအကူအညီပေးရမှာလဲ"

ဆရာ ကိုထွန်းညွန့်က. . .

"အေးပါ ငါလည်း ပြောမလို့ပါပဲ။ ဒီဆရာရဲ့တေးသီချင်းကို နင်ပဲဆိုရမှာပဲ။ ကဲ. . . လာ အသံတိုက်ကြရအောင်"

သူတို့သည် စန္ဒရားကို အသံစမ်းရင်း တေးဆိုကြသည်။

ထို့နောက် အခြားသောတူရိယာ၊ လေမှုတ်ကိရိယာများဆက်ကဆိုဖုန်း၊ ထရမ်းပက်၊ ဗုံ၊ တယော၊ လျှပ်စစ်ဂီတာတို့ဖြင့် တစ်ပြိုင်နက် တီးမှုတ်စမ်းသပ်ကြသည်။ ငါးကြိမ်၊ ခြောက်ကြိမ်မျှတိုက်သောအခါ အဆိုအတီးညီညွတ်လာသည်။ ထိုနေ့အဖို့ အားလုံးအဖွဲ့သားများသည် စိတ်ပါဝင်စားနေကြသဖြင့် မောသည်ပန်းသည်ဟုပင် သတိမထားနိုင်ပေ။ အသံညီညွတ်လာသောအခါ အားလုံးဝမ်းသာနေကြသည်။

တီးဖော်တီးဖက်များသည် မြနှင်းရည်၏ ကြည်မြပီသ၍ စီသောအသံလှိုင်းကို သဘောကျနေကြပေပြီ။ ဟိန်း၏ လှပသော၊ နက်ရှိုင်းသော၊ ရသမြောက်သော တေးသီချင်းများကို နှစ်သက်နေကြသည်။

နောက်တစ်ပတ်ကြာသောအခါ မြန်မာ့အသံတွင် အသံသွင်းရန် တစ်ဖွဲ့လုံးသွားကြသည်။ ဟိန်းသည် မနေရီရီကို သွားခေါ်ခဲ့သည်။ မြန်မာ့အသံ အသံလွှင့်အဆောက်အအုံသည် ထိုစဉ်က ဝင်ဒါမီယာဝင်းထဲမှာရှိသော နှစ်ထပ်တိုက်အဆောက်အအုံဖြစ်သည်။ မနေရီရီသည် သူ၏အခန်းနေဖက် သူငယ်ချင်းနှစ်ဦးကိုခေါ်ခဲ့သည်။ မြနှင်းသန္တာနှင့် ရီဝင်းဝင်းမာတို့ဖြစ်ကြသည်။

စန္ဒရားဆရာ ကိုထွန်းညွန့်သည် မြန်မာဆိုင်းဝိုင်းကြီးအဖွဲ့တစ်ဖွဲ့ကိုလည်း ငှားရမ်းထားသည်။ ဟိန်းသည် အစားအသောက်များပြည့်စုံစွာ ဝယ်ခြမ်းကျွေးမွေးထားသည်။ သူတို့အဖွဲ့သည် နံနက်စောစောကပင် လူစုံစုံလင်လင် ရောက်နေကြပြီ။

အသံသွင်းမည့် စတူဒီယိုခန်းမထဲတွင် အဆိုတော်နှင့် တီးမှုတ်ကြမည့်သူများသည် အသင့်နေရာယူထားကြပြီ။ တစ်ခေါက် ထပ်တိုက်ကြပြန်သည်။ တိုက်ပြီးလျှင်ပင် စက်ခန်းမှတာဝန်ရှိသူ၊ ကြီးကြပ်သူတို့ ရောက်လာကြပြီး အသံသွင်းလုပ်ငန်း စတော့သည်။

မြနှင်းရည်အသံသည် ကြည်လင်စူးရှပြီး အောင်မြင်လှသည်။ ရွှင်လန်းချမ်းမြေ့စွာ သီဆိုရမည့်အပိုဒ်ဆိုလျှင် ကြားရသူများ၏ရင်ထဲဝယ် အေးချမ်းသာယာလျက် ပီတိများ ဖြာဝေစေတော့သည်။ ဝမ်းနည်းကြေကွဲစွာ သီဆိုရမည့်အပိုဒ်ရောက်လျှင် ရှိုက်သံ၊ ကရုဏာသံတို့ဖြင့် အနုပညာဂုဏ်မြောက်စွာ သီဆိုအစွမ်းပြတော့ရာ ကြားရသူများ၏ နှလုံးသားဝယ် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ စိတ်ထိခိုက်ခြင်းများဖြင့် တင်းကျပ်စေတော့သည်။

ဇာတိမာန်၊ ပြည့်ချစ်အားမာန်၊ တိုက်စိတ်ခိုက်စိတ်အဟုန်ရှိသောမာန်များပါသည့် တေးသွားစာသားရောက်လျှင် မိန်းကလေးသည် တက်ကြွသော၊ လှုံ့ဆော်သော၊ နိုးကြားထကြွစေသောအားမာန်ဖြင့် သီဆိုကြိုးစားပြန်ရာ သူတို့၏စိတ်များသည် တေးလှိုင်းသံနှင့်အတူ ပါသွားကြပြန်လေသည်။

မနေရီရီတို့သည် ဟိန်း၏စာသားများကို ဖတ်ရင်းလိုက်၍နားထောင်နေကြသည်၊ မြန်မာနိုင်ငံ၏သမိုင်းကို ဖော်ကျူးသော မြစ်မင်းဧရာဝတီ၏ ပြန်ပြောနေဟန်ကို သဘောကျနှစ်မြိုက်နေကြသည်။ တေးအဖွဲ့အနွဲ့တို့သည် ကဗျာဂုဏ်မြောက်၍ ဂီတစွမ်းအင်ကြီးမားစေခဲ့သည်။

မနေရီရီက ဟိန်းကိုလက်တို့ခေါ်၍. . .

"ကိုဟိန်း သီချင်းစာသားတွေက သိပ်ပြီးအဖွဲ့အနွဲ့ဂုဏ်မြောက်တာပဲ။ ပြီးတော့ တေးသွားရာတဲ့ စန္ဒရားဆရာကလည်း အလွန်တော်တာပဲ။ သီချင်းဆိုတဲ့ အဆိုတော်ကလည်း အသံဩဇာသိပ်ကောင်းတာပဲ။ ဒါပဲနော် ကိုဟိန်း မိန်းကလေးက ရုပ်ချောတယ်။ အဆိုအကလည်း ကောင်းတယ်။ အဲဒါ နီးနီးစပ်စပ်မနေနဲ့ သိလား"

ကိုဟိန်းက. . .

"အို. . . ဘာတွေလျှောက်ပြောနေတာလဲ။ ကိုဟိန်း သိပါတယ်။ နီးနီးကပ်ကပ်နေရအောင် ခုမှတွေ့ဖူးတာပါ။ စိတ်ချပါ။ အလွန်လည်း စိတ်ပူမနေပါနဲ့။ နောက်လည်း သီချင်းတွေ ရေးစရာ၊ လွှင့်စရာတွေရှိပါသေးတယ်။ နိုင်ငံတော်အတွက် အရေးအခင်းတွေကို အလေးအနက်ထားပြီး ရေးရဦးမယ်"

မနေရီရီက. . .

"အဲဒါကောင်းပါတယ် ကိုဟိန်း။ မေတ္တာဘွဲ့တွေ၊ အချစ်ဘွဲ့တွေ၊ မယ်ဘွဲ့၊ မောင်ဘွဲ့တွေသာ မဖွဲ့ပါနဲ့။ တိုင်းပြည်နဲ့လူမျိုး အကျိုးရှိမယ့်အကြောင်းအရာတွေသာ ရေးစပ်စေချင်ပါတယ်။ မယ်ဘွဲ့၊ မောင်ဘွဲ့တွေက သူ့သူငါငါရေးလို့ ရိုးနေပါပြီ။ အချို့အဆိုတော်တွေက အဲဒီလို အချစ်အကြောင်းတွေဆိုရင်း သီချင်းရေးဆရာတွေက ရေးပေးရင်းနဲ့ ဘာကလိုတိုတို ဘိုကလာတာတာ-ဟာ. . . ဟာ. . . ဟ. . . ဟ"

ကိုဟိန်းက မနေရီရီ၏ နှုတ်ခမ်းကလေးအစုံကို လက်ညှိုးဖြင့်အသာဖိ၍ ပိတ်ပစ်လိုက်သည်။ ထို့နောက် အသံသွင်းသောခန်းမထဲဝင်လာခဲ့သည်။ အားလုံး တစ်ပိုဒ်ပြီးတစ်ပိုဒ် သွင်းနေကြပြီ။ နောက်ဆုံးအပိုဒ်သို့ သွင်းရန် အသင့်ဖြစ်နေကြပြန်ပြီ။

"မြစ်မင်းဧရာဝတီ×××စီးဆင်းခဲ့သောရက်ဖြင့်သာ ကြာရှည်×××ချစ်စရာ×××သစ်ရွက်ဝါ×××ရစ်ခါခွေ××× ခွေခွေခါမျောခဲ့ပါသည်×××အေးချမ်းသာဝပ်း×××ခင်းကြဲ ခဏ်း×××နှင်းမှုန်ဆမ်းတဲ့×××စံဌာနီ×××"

ထိုအပိုဒ်သို့ရောက်သောအခါ မိန်းကလေး၏အသံသည် စူးရှ၍ ကြည်မြချိုလွင်စွာ ပေါ်ထွက်လာတော့သည်။ အားလုံးသည်ငေးလျက် နစ်မျောလိုက်ပါနေမိကြသည်။ ထိုသီချင်းပြီးမှပင် အားလုံးသတိပြန်ဝင်နိုင်ကြသည်။ အားလုံးက ကောင်းတယ် သိပ်ကောင်းတယ်ဟု ပြောကြရင်းက ပြန်ခဲ့ကြသည်။ တီးဝိုင်းအဖွဲ့သည် ဝမ်းမြောက်ကြည်နူးလျက်ရှိသည်။

ထိုသီချင်းဇာတ်လမ်းကို လွှတ်လပ်ရေးနေ့အကြိုညဇန်နဝါရီ ၃ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် လွှင့်ထုတ်နိုင်ခဲ့သည်။ ကဗျာဆရာဟိန်း၏နာမည်လည်း ဂီတအသိုင်းအဝိုင်းနှင့် သောတရှင်များ၏နှုတ်ဖျားတွင် ရေပန်းစားလျက်ရှိတော့သည်။

တစ်နေ့တွင် မနေရီရီ၊ မြနှင်းသန္တာ၊ ရီဝင်းဝင်းမာတို့ကို တပ်သို့ဖိတ်ခေါ်၍ စန္ဒရားဆရာ ကိုထွန်းညွန့်နှင့် မိတ်ဆက်ပေးသည်။ ၎င်းတို့သီချင်းဆိုလိုက သင်ပေးမည်ဟု ပြောပြသည်။ မိန်းကလေးတွေက သင်လိုသော်လည်း အချိန်မရသဖြင့် မသင်နိုင်ပါဟုဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မန္တလေးကျုံးရှေ့မျက်နှာစာများတွင် ရေကစားမဏ္ဍပ်အရေအတွက်လျှော့ချမည်


ယမန်နှစ်က မန္တလေးမြို့ သင်္ကြန်မြင်ကွင်းကို တွေ့ရစဉ်။

မန္တလေး မတ် ၂

မန္တလေးကျုံးရှေ့ မျက်နှာစာများတွင် ပုဂ္ဂလိကကုမ္ပဏီ ရေကစားမဏ္ဍပ်အရေအတွက်ကို ယခင်နှစ်ထက်လျှော့၍ ခွင့်ပြုပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ယခင်နှစ်တွေက မန္တလေးသင်္ကြန်အတွက် ကျုံးဘေး ရေကစားမဏ္ဍပ်လျှောက်ထားသူတွေ များပါတယ်။ ဒီနှစ်မှာတော့ ကျုံးမျက်နှာစာတစ်ဖက်ကို မဏ္ဍပ်အရေအတွက် လေးခုကနေ ခြောက်ခုအထိ ချထားပေးဖို့ စီစဉ်နေပါတယ်။ နောက်ပြီး မြို့တွင်းမှာလည်း ရေကစားမဏ္ဍပ်တွေလျှောက်ထားမယ်ဆိုရင် လက်ခံပေးသွားမှာပါ။ ဒါကလည်း ကျုံးဘေးတစ်နေရာတည်းတင်မဟုတ်ဘဲနဲ့ တစ်မြို့လုံးကို စည်ကားစေချင်လို့ပါ"ဟု မန္တလေးမြို့ ဒုတိယမြို့တော်ဝန်က ပြောသည်။

ကျုံးမျက်နှာစာတစ်ဖက်လျှင် ၂၀၁၆ ခုနှစ်က ရေကစားမဏ္ဍပ် ၁၀ ခု ဆောက်လုပ်ခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် လေးခုမှ ခြောက်ခုအထိသာ ချထားပေးမည်ဖြစ်ပြီး မြို့တွင်းလမ်းများဘက်တွင်ပါ စည်ကားစေလိုသဖြင့် မြို့တွင်းဘက်၌ နေရာခွဲ၍ချထားပေးမည်ဖြစ်သည်။

ထို့ပြင် ကျုံးတောင်ဘက်ခြမ်းတွင် ပုဂ္ဂလိကမဏ္ဍပ်များဆောက်လုပ်ခွင့်မပြုဘဲ ကျုံးတောင်ဘက်ခြမ်း ၂၆ ဘီလမ်း၌ မြို့တော်ဝန်မဏ္ဍပ်နှင့် ၂၆ လမ်းထောင့်နှင့် ၇၃ လမ်းပေါ်၌ နန်းမြို့သူမဏ္ဍပ်တို့ကို သီးသန့်ချထားပေးမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်က မန္တလေးကျုံးမြို့ရိုး၏ လေးဖက်လေးတန်လုံးတွင် ရေကစားမဏ္ဍပ်များခွင့်ပြုခဲ့ကာ ရေကစားမဏ္ဍပ်တစ်ခုလျှင် အလျားပေ ၁၀၀ နှင့် အနံ ၂၅ ပေအထိ ခွင့်ပြုပေးခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။ **အမ်အမ်ကေ**

## သဘာဝဘေးအန္တရာယ် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးတောင်သူများအား ထောက်ပံ့ငွေပေးအပ်

ညောင်ရွှေ မတ် ၂

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ခုနှစ် သဘာဝဘေးအန္တရာယ် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးရာသီချိန်တွင် ညောင်ရွှေမြို့နယ် ရွာသာကျေးရွာအုပ်စု၌ ရေကြီးနစ်မြုပ်မှုကြောင့် နွေစပါး ၆၅ ဧက ပျက်စီးဆုံးရှုံးခဲ့ရာ ပျက်စီးသွားသည့်နွေစပါးစိုက်ပျိုးတောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ၆၅ ဧကအတွက် ငွေကျပ် ၁၆၂၅၀၀၀၊ ၂၀၁၆-၂၀၁၇ ခုနှစ်မိုးစပါးရာသီတွင် တီလောကျေးရွာအုပ်စု၌ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါး ၁၄ ဧက ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၁၄ ဧကအတွက် ငွေကျပ် ၁၄၀၀၀၀ တို့ကို ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်နှင့်တာဝန်ရှိသူတို့က ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ရေကြီးနစ်မြုပ်မှုကြောင့် ဒေသခံတောင်သူ ၃၁ ဦးကို စုစုပေါင်းငွေကျပ် ၁၆၃၉၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(၄၀၅)

## နွေရာသီသောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်

ရေတာရှည် မတ် ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် နွေရာသီသောက်သုံးရေရရှိရေးငွေကျပ် ၁၅၄ ဒသမ ၈၃၂ သန်း အကုန်အကျခံကာ စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

"သောက်သုံးရေရှားပါးတဲ့ဒေသတွေထဲမှာ ပဲခူးရိုးမတောင်ပေါ်ဒေသက ပိုဆိုးတယ်။ ဒါကြောင့် တောင်ပေါ်ကျေးရွာတွေမှာ အများဆုံးတူးဖော်ပေးနေရတာပါ"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ထို့အတူ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရိုးမတောင်ပေါ်ဒေသ ကျေးရွာဖြစ်သော ကြက်လျှာ၊ ဘုတလင်၊ ဆင်ချောင်း၊ တောက်တက်၊ တိမ်ညွန့်အစရှိသည့် ကျေးရွာတို့တွင်လည်း ခွင့်ပြုရန်ပုံငွေကျပ် ၈၆ ဒသမ ၀၆၀ သန်းဖြင့် တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

(၄၁၀)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily






## ရာသီဥတုမရွေး နေရာဒေသမရွေး အသုံးပြုနိုင်မည့်

## Fujifilm Fine Pix XP120

ရေထဲတွင်ဆိုလျှင် မီတာ ၂၀ (၆၅ ပေ) အထိသယ်ဆောင် ရိုက်ကူးနိုင်မည့် Water-proof စွမ်းဆောင်ရည်ရှိကာ အမြင့် ၁ ဒသမ ၈ သို့မဟုတ် ၅ ဒသမ ၇ ပေမှ လွတ်ကျသည့်ဒဏ်ကို ခံနိုင်ရည်ရှိသော Shock-proof လည်းဖြစ်သည်။ Fujifilm ကထုတ်လုပ်ပြီး Fine Pix XP 120 ဟုအမည်ပေးထားကာ Rugged Compact Camera System ဖြစ်ပြီး -10 °C အထိ အေးခဲနေသည့် ရာသီဥတုမျိုးတွင် မြင်ကွင်းပုံရိပ်များကို ဖမ်းယူပုံဖော်ပေးနိုင်သည့် Freezproof ဖြစ်သည်။ 5x Optical Zoom အနီး ဆွဲယူပုံဖော်ပေးနိုင်မည့် 24-140mm Focal Length ရှိ Fujinon မှန်ဘီလူးကို အသေတပ်ဆင်ထောက်ပံ့ပေးထားသည်။

16.4 Megapixels Resolution ရှိ ½.3" BSI-CMOS Sensor ထည့်သွင်းပေးထားပြီး Native Sensitivity အနေဖြင့် ISO 100-6400 အထိရှိသည်။ ရေအောက်အသုံးပြု Function များအတွက် Under-water နှင့် Underwater Macro Function များပါဝင်သည့်အတွက် ရေအောက်အလှပုံရိပ်များကို မှတ်တမ်းတင်သည့်နေရာတွင် အသုံးပြုနိုင်သည်။ အကောင်းဆုံးပုံထွက်ရလဒ်ကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် Scene Recognition Mode ပါဝင်ပြီး Focus၊ Exposure နှင့် Shutter Speed တို့ကို အလိုအလျောက်ချိန်ညှိပေးနိုင်သည်။

ထို့ပြင် အဝေးမှနေ၍ ရိုက်ကူးနိုင်ရန် Remote Shooting Function ပါရှိကာ 10fps အထိ မြန်နှုန်းမြင့် မှတ်တမ်းတင်နိုင်မည့် Burst Mode လည်း စီစဉ်ပေးထားပြီး Cinemagraph Mode ဆိုသည့် ထူးခြားသော လုပ်ဆောင်မှုအသစ်တစ်မျိုးလည်းပါသည်။ ရုပ်ငြိမ်ဓာတ်ပုံနှင့် ရုပ်ရှင်သက်ဝင်လှုပ်ရှားမှုများကို ပေါင်းစပ်ပေးထားပြီး အနုပညာမြောက်သည့် ပုံထွက်ရလဒ်ကို ဖန်တီးပေးနိုင်သည်။

နောက်ကျောဘက်အရွယ်အစား 3.0" 920k-dot LCD Monitor ကို တပ်ဆင်ပေးထားပြီး ရိုက်ကူးရယူထားသည့်ပုံရိပ်များကို instax SHARE Printer များနှင့်တွဲဖက်၍ အလွယ်တကူ Print ထုတ်ယူနိုင်သည်။ Connectivity အတွက် HDMI နှင့် Wi-Fi တို့ပါရှိပြီး ရုပ်သံရိုက်ကူးရေးများကို Full HD 1080/60p အရည်အသွေးအထိ ဖမ်းယူပေးနိုင်သည်။ Fujifilm Fine Pix XP120 ၏ကိုယ်ထည်ကို ဆွဲဆောင်မှုရှိသည့် Blue၊ Sky Blue၊ Green၊ Yellow ဟူ၍ အရောင်လေးမျိုးဖြင့် ထုတ်လုပ်ထားပြီး ဖေဖော်ဝါရီလကုန်တွင် အမေရိကန်ဒေါ်လာ ၂၂၉ ဒေါ်လာဖြင့် တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

**Ref;The Imaging Resorce**

# Samsung QLED မိတ်ဆက်ပြသ

နာမည်ကျော် Samsung Electronics ၏ 2017 Samsung Southeast Asia and Oceania Forum ကို ဖေဖော်ဝါရီလက စင်ကာပူနိုင်ငံ၌ကျင်းပပြီး Samsung QLED ကို မိတ်ဆက်ပြသခဲ့သည်။




Samsung QLED က အိမ်တွင်းဖျော်ဖြေမှုလုပ်ငန်း၏ ရှေ့ဆောင်လမ်းပြမှုတစ်ခုဖြစ်သည်။ ယင်း QLED မှာ Quantam Dot နည်းပညာပိုင်းဆိုင်ရာအဆင့်မြှင့်တင်မှုများပါဝင်ပြီး အလင်းနှင့်အရောင် ရောစပ်မှုအကောင်းဆုံးပေးစွမ်းနိုင်မည့် Nano-Sized Semiconductor Quantum Dot ကဲ့သို့ သတ္တုသစ်တစ်မျိုးထည့်သွင်းပေးထားသည်။ ထို့ပြင် အဆင့်မြှင့်တင်ထားသည့် အလင်းသက်ရောက်မှု၊ တည်ငြိမ်မှု၊ ပိုကျယ်သည့် Spectrum များနှင့်အတူ Quantum Dot နည်းပညာကိုပါ အဆင့်မြှင့်တင်ထားသည်။

အလင်းနှင့်ပတ်သက်ပြီး ၁၀၀ ရာခိုင်နှုန်း အလင်းထုနှင့် HDR 1500- 2000 nits ရှိသည့်အလင်းကို ပေးစွမ်းနိုင်မည်ဖြစ်ကာ ရှုပ်ထွေးမှုမရှိသောကြိုးစနစ်အပြင် No-Gap Wall Moun စနစ်လည်း ပါဝင်လာသည်။

တီဗွီကိုနံရံ၌ ပိုမိုလွယ်ကူရှင်းလင်းစွာဖြင့် မြန်ဆန်စွာတပ်ဆင်စေနိုင်မည့်အပြင် နံရံနှင့်ချိတ်ဆက်မထားသည်ကို ကြိုက်နှစ်သက်သောသုံးစွဲသူများ အကြိုက်တွေ့စေမည့် Gravity နှင့် Studio ကိုလည်း မိတ်ဆက်ခဲ့သည်။

Samsung Smart Remote သည် Smart TV လုပ်ဆောင်ချက်များကို အသံဖြင့်ထိန်းချုပ်လာနိုင်မည်ဖြစ်ပြီး တီဗွီကြည့်နေသည့်အချိန်တွင် ခလုတ်တစ်ခုနှိပ်လိုက်ရုံဖြင့် ပိုမိုလွယ်ကူသောထိန်းချုပ်မှုမျိုးကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ Samsung Smart View App ကို Android နှင့် iOS ဖုန်းများတွင်ရရှိနိုင်ပြီး App သုံးစွဲသူများအနေဖြင့် ကိုယ်ပိုင် Smart Hub အတွေ့အကြုံကို ဖုန်းမှတစ်ဆင့် တွေ့ကြုံခံစားလာနိုင်မည်ဖြစ်သည်။

**Ref: ZDNet**



# Android Wear 2.0 စမတ်နာရီကို မတ်လအတွင်း မိတ်ဆက်ဖွယ်ရှိနေ

TAG Heuer က Connected စမတ်နာရီသစ်ကို ယခုနှစ်မေလအတွင်း ဖြန့်ချိသွားရန်စီစဉ်ထားသည်ဟု TAG Heuer အမှုဆောင်အရာရှိချုပ်ဂျင်းကလုဘီဘာက အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သော်လည်း ဒုတိယမျိုးဆက် Connected စမတ်နာရီကို မတ်လအတွင်း တွေ့မြင်ရမည်ဟု Android Central က ဖော်ပြထားသည်။

ယင်းစမတ်နာရီမှာ Google ၏နောက်ဆုံးပေါ် Android Wear 2.0 Platform ကိုအသုံးပြုထားပြီး စိတ်ကြိုက်ပြင်ဆင်နိုင်သည့် ဒီဇိုင်းနှင့် ဖန်တီးထားသည်။

သုံးစွဲသူများအနေဖြင့် လက်ပတ်ကြိုးနှင့်ချိတ်များကို နှစ်သက်ရာရွေးချယ်ပြီး စိတ်ကြိုက်တပ်ဆင်နိုင်မည်ဖြစ်သည့်အပြင် Custom Automatic Watch Head Module ပါဝင်သဖြင့် စမတ်နာရီကို Android Wear 2.0 နှင့် သမားရိုးကျနာရီပုံစံကြား ပြောင်းလဲအသုံးပြုနိုင်ကြောင်း သိရသည်။

TAG Heuer ၏ ပထမဆုံး Connected စမတ်နာရီက အောင်မြင်မှုရရှိခဲ့ပြီး ကုမ္ပဏီက ကနဦးခန့်မှန်းထားသည့် နာရီအလုံးရေ ၂၀၀၀၀ ထက်ကျော်လွန်၍ တင်ပို့ရောင်းချခဲ့ရကာ ယခုနှစ်တွင် ဒုတိယမျိုးဆက် Connected စမတ်နာရီကို အလုံးရေ ၁၅၀၀၀၀ အထိတင်ပို့နိုင်ရန် TAG Heuer က ရည်မှန်းထားသည်။

ပထမမျိုးဆက်စမတ်နာရီကို ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၅၀၀ နှင့် ရောင်းချခဲ့သောကြောင့် ဒုတိယမျိုးဆက် Connected Modular ကလည်း ဈေးသက်သာဖွယ်မရှိနိုင်ကြောင်း ခန့်မှန်းချက်များ ထွက်ပေါ်နေသည်။

**Ref: Android Central**

# မြန်မာနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်နိုင်သော သီးနှံအမယ်အများစုကို ပြည်ပနိုင်ငံများမှ ပြန်လည်တင်သွင်းမှုနှုန်း နှစ်စဉ်မြင့်တက်မှုရှိနေ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်နိုင်သော သီးနှံအမယ်အများစုကို ပြည်ပနိုင်ငံများမှ ပြည်တွင်းဈေးကွက်သို့ ပြန်လည်တင်သွင်းမှုနှုန်း နှစ်စဉ်မြင့်တက်မှုရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။



"ပြည်ပကနေ ပြည်တွင်းကို သီးနှံအမယ်မျိုးစုံ ဝင်လာတယ်။ ဒီအသီးအနှံတွေက ကိုယ့်ပြည်တွင်းမှာစိုက်လည်းရတယ်။ ကိုယ့်ပြည်တွင်းမှာစိုက်ရင် ပြည်တွင်းကတောင်သူတွေ ပိုက်ဆံရမယ်။ အခုက တခြားနိုင်ငံကို ပိုက်ဆံပေးလိုက်ရတယ်။ ကိုယ့်ပြည်တွင်းမှာ စိုက်နိုင်ရင် စားသုံးသူတွေ ဈေးသက်သက်သာသာနဲ့ စားရမယ်" ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဦးချစ်မြက‌ပြောသည်။

ပြည်တွင်း၌ တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သော သီးနှံများကို ပြည်ပမှ ပြန်လည်တင်သွင်းပြီး ဈေးကွက်ထိုးဖောက်ခြင်းမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကာ ပြည်ပသီးနှံများမှာ ပြည်တွင်းသီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် တချို့သီးနှံများမှာ ဈေးနှုန်းတူညီခြင်းနှင့် ဈေးနှုန်းပိုမိုသက်သာခြင်းတို့ကြောင့် ဈေးကွက်၌လည်း ဝယ်လိုအားများပြားလျက်ရှိကြောင်း သိရသည်။

(၇၇၃)

# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမူကြမ်းအပေါ် ပြည်သူလူထု၏ အကြံပြုချက်များပါဝင်စေလိုပါက မတ်လကုန်မတိုင်မီပေးပို့နိုင်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမူကြမ်းအပေါ် ပြည်သူလူထု၏ အကြံပြုချက်များ ပါဝင်စေလိုပါက မတ်လကုန်မတိုင်မီပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမူကြမ်းကို ပြည်သူလူထုက အကြံပြုပြင်ဆင်လိုပါက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ထံသို့ အကြံပြုချက်များပေးပို့ရန် အသင်းချုပ်ဗဟိုအလုပ်အမှုဆောင် ဒေါက်တာတင်လတ်ကပြောသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေမူကြမ်းကို ပြင်ဆင်ရာတွင် ခေတ်နှင့်လျော်ညီအောင် ပြုပြင်ထားပြီးဖြစ်သော်လည်း ပြဋ္ဌာန်းပြီးပါက ဥပဒေပြင်ဆင်ခြင်းမှာ ခက်ခဲသဖြင့် လွှတ်တော်၌ မဆုံးဖြတ်မီ မတ်လအတွင်း ဥပဒေမူကြမ်းတွင် ပြင်ဆင်ပြောင်းလဲထည့်သွင်းလိုသည်များကို ပေးပို့နိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ အကြံပြုချက်များပေးပို့လိုသူများမှာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးရုံးသို့ စာ သို့မဟုတ် အီးမေးလ် so@umfcci.com.mm မှ ပေးပို့နိုင်သည်။

လက်ရှိ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမူကြမ်းတွင် ကုမ္ပဏီများလိုက်နာဆောင်ရွက်ရမည့်အချက်များ အားနည်းခြင်းနှင့် ခေတ်နှင့်မလျော်ညီတော့သည့်အချက်များ ပါဝင်နေခြင်းတို့ကြောင့် ပြင်ဆင်နေခြင်းဖြစ်ပြီး ယခုပြင်ဆင်နေသည့်အချက်များတွင် နိုင်ငံတကာကုမ္ပဏီများဆိုင်ရာ ဥပဒေပြုပြင်ခြင်းနှင့်နှိုင်းယှဉ်တင်ပြချက်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ အဓိကပြောင်းလဲချက်များအပေါ် ခြုံငုံသုံးသပ်ချက်များနှင့် ကုမ္ပဏီများလိုက်နာဆောင်ရွက်ရမည့် ဥပဒေမူဘောင်အသစ်အကျဉ်းချုပ်များကို မူကြမ်း၌ထည့်သွင်းထားကြောင်း သိရသည်။

ကျော်ကို၊ **kaykay**

www.facebook.com/themyawadydaily

# ပဌမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ညောင်ဦး မတ် ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အမှတ်(၃)အောင်သပြေရပ်ကွက်ရှိ စိန္တာမုနိမ္ဗောရုံ၌ နာယကဆရာတော် ဦးဥတ္တရရာမနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖြစ်မြောက်ရေးကော်မတီမှဦးစီး၍ နွေရာသီကျောင်းပိတ်ရက်များတွင် မြို့ပေါ်ရပ်ကွက်များမှ ကျောင်းသား၊ ကျောင်းသူများကို ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အညီ ပြုမူပြောဆိုနေထိုင်တတ်စေရန်နှင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာအခြေခံပညာများ ကျွမ်းကျင်တတ်မြောက်မှုရှိစေရန်ရည်ရွယ်၍ ပဌမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် အောင်သပြေမြတ်မင်္ဂလာယဉ်ကျေးလိမ္မာသင်တန်းကျောင်း၌ ကျင်းပသည်။


ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ညောင်ဦးမြို့ အမှတ်(၃)အောင်သပြေရပ်ကွက် ငှက်ပစ်တောင်ကျောင်းတိုက်ဆရာတော် ဦးဥတ္တရရာမ (နာယက) ဓမ္မဝတီကျောင်းတိုက်ဆရာတော် ဦးအရိယနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးညွန့်နှင့်တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဓမ္မဝတီကျောင်းတိုက်ဆရာတော် ဦးအရိယထံမှ တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အမှတ်(၃)အောင်သပြေရပ်ကွက် ငှက်ပစ်တောင်ကျောင်းတိုက်ဆရာတော် ဦးဥတ္တရရာမက ဩဝါဒစကား မိန့်ကြားတော်မူသည်။

ညောင်ဦးမြို့ အမှတ်(၃)အောင်သပြေရပ်ကွက် စိန္တာမုနိမ္ဗောရုံကြီး၌ ဖွင့်လှစ်ထားရှိသည့် အောင်သပြေမြတ်မင်္ဂလာယဉ်ကျေးလိမ္မာသင်တန်းကျောင်းသည် ပထမတန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူများအား နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်များတွင် ယဉ်ကျေးလိမ္မာစာပေများ၊ အင်္ဂလိပ်စကားပြောနှင့် အခြေခံကွန်ပျူတာပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် သင်တန်းတက်ရောက်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၁၀၃ ဦးခန့်ရှိကြောင်းသိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၌ ၂၀၁၇ ခုနှစ် နွေရာသီမြန်မာ့သိုင်းသင်တန်းဖွင့်လှစ်

တောင်ကြီး မတ် ၂

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၇ ခုနှစ် နွေရာသီမြန်မာ့သိုင်းသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲက တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်ပင်ထောင်ကျေးရွာအနီးရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း အားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးက အမှာစကားပြောကြားရာ၌ ၂၀၁၇ ခုနှစ် မြန်မာ့သိုင်းသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ နဝမတန်းကျောင်းသား၊ ကျောင်းသူ ၈၉ ဦးအား သင်ကြားပို့ချလျက်ရှိပြီး ယခုအခါ အဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူများအတွက်ပါဖွင့်လှစ်၍ မြန်မာ့သိုင်းအခြေခံနည်းစနစ်များကို စတင်သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ နဝမတန်းကျောင်းသား၊ ကျောင်းသူများကို ၂၅ ရက်၊ အဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူများကို ရက် ၂၀ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့သိုင်းပညာကို သင်ကြားတတ်မြောက်ခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်သောလူငယ်များဖြစ်ခြင်း၊ အားကစားသမားအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေခြင်း၊ သွေးစည်းညီညွတ်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း၊ အားကစားသမားကောင်းစိတ်ဓာတ်နှင့်အညီ လှုပ်ရှားဆောင်ရွက်နိုင်ခြင်းတို့ကို ဖော်ဆောင်ခြင်းသည် မြန်မာ့သိုင်းသင်ကြားခြင်း၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ လိုင်းမို့ကွမ်ပင်မသိုင်းအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)မှကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြပြီး သင်တန်းကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ နည်းပြဆရာများက မတ် ၁ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၅)**


နွေရာသီမြန်မာ့သိုင်းသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

# မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဆွေးနွေး


အလုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

ရန်ကုန် မတ် ၂

အလုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် အလုံလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်နွယ်နွယ်ဝင်းနှင့် အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်တို့က နှုတ်ခွန်းဆက်စကားများပြောကြားသည်။

ဆက်လက်၍ အလုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးဆောင်ရွက်ပြီးစီးမှုများနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုတင်မောင်ဦး(အလုံ)**

# တောင်ကုတ်မြို့နယ်တွင် လူသေအလောင်းတစ်လောင်းတွေ့ရှိ စုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး အမှုဖွင့်စစ်ဆေးလျက်ရှိ

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် လမူးမော်ကျေးရွာအနီးတွင် ယမန်နေ့နံနက်ပိုင်းက လူသေအလောင်းတစ်လောင်းတွေ့ရှိသဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တောင်ကုတ်မြို့နယ် လမူးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများသည် သတင်းအရ လမူးမော်ကျေးရွာ လမူးချောင်း၏တောင်ဘက်ကမ်းစပ်သို့ ယမန်နေ့နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့ရာ အသက် ၂၀ ခန့်ရှိ အမျိုးသားတစ်ဦး၏အလောင်းအား ကုပ်ပိုးနှင့်ဝဲလက်ဖဝါးတို့တွင် ပြတ်ရှဒဏ်ရာတစ်ချက်စီဖြင့် ပုပ်ပွလျက်အနေအထားဖြင့် တွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီးစုံစမ်းရာ သေဆုံးသူမှာ မင်းမင်း(ခ)စိုင်းအောင် အသက် ၂၀ နှစ်ခန့် မြိတ်မြို့ဇာတိဖြစ်ပြီး လွန်ခဲ့သောခြောက်လခန့်က ချောင်းကြီးကျေးရွာနေ အောင်ကိုမြင့်(ဘ)ဦးတင်မြင့်နှင့်လိုက်ပါနေထိုင်သူဖြစ်ကြောင်း၊ ဖြစ်မှုကျူးလွန်သူ အောင်ကိုမြင့်အား မတ် ၁ ရက် ညနေပိုင်းတွင် သံတွဲမြို့နယ် ရွှေလှေကျေးရွာ သံတွဲ-တောင်ကုတ်ကားလမ်း၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ ၎င်းသည်လွန်ခဲ့သော လေးနှစ်ခန့်က မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပြီးနောက် ၂၀၁၆ ခုနှစ် မေလတွင် မြန်မာနိုင်ငံသို့ပြန်လာခဲ့ကြောင်း၊ ၎င်းသည် စက်တင်ဘာလမှစ၍ ရန်ကုန်-စစ်တွေ ရွှေစန်းပွင့်ကုန်တင်သင်္ဘောတွင်လုပ်ကိုင်ခဲ့ပြီး သေဆုံးသူနှင့်ရင်းနှီးခဲ့ကြောင်း၊ ၎င်းသည် အလုပ်အဆင်မပြေသဖြင့် ချောင်းကြီးကျေးရွာသို့ ပြန်လာစဉ် သေဆုံးသူမင်းမင်းမှာ အတူလိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း။

ထို့နောက် လမူးမော်ရွာအနောက်ဘက်ရှိ မျက်ပြူး(ခ)ဆန်းလှိုင်၏ ဓနိခုတ်သက်ငယ်လုပ်ငန်းတွင် တစ်လလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် လုပ်ကိုင်ခဲ့ကြကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်က ၎င်းတို့အရက်အတူသောက်ခဲ့ပြီး သေဆုံးသူမင်းမင်းမှ ဆဲဆိုခြိမ်းခြောက်ပြောဆိုသဖြင့် ၎င်းကဓနိလှီးဓားဖြင့် ခုတ်သတ်ပြီး တဲအနီးရှိ လမူးချောင်းအတွင်းသို့ ပစ်ချခဲ့ကြောင်း ထွက်ဆိုသဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)မှ ဆယ်အိမ်မှူးဟောင်းတစ်ဦး ဒဏ်ရာများဖြင့်သေဆုံး

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)မှ ဆယ်အိမ်မှူးဟောင်းတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ယနေ့နံနက်ပိုင်းတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ကျီးကန်းပြင် (တောင်ရွာ)နေ ဆယ်အိမ်မှူးဟောင်းဖြစ်သူ နူရ်ကာရင်(၃၅)နှစ် (ဘ)ဇာဖောအာလောင်သည် မိသားစုနှင့်အတူ ၎င်း၏နေအိမ်၌ အိပ်နေစဉ် ယမန်နေ့ည ၁၂ နာရီခန့်က မျက်နှာဖုံးစွပ်ထားသော အမည်မသိလူလေးဦးက လာရောက်ခေါ်ဆောင်သွားရာမှ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် ၎င်း၏ဖခင်ဖြစ်သူ ဇာဖောအာလောင်က လိုက်လံရှာဖွေခဲ့ရာ ယနေ့နံနက် ၆ နာရီခန့်တွင် ရွာတောင်ဘက် လယ်ကွင်းထဲ၌ နူရ်ကာရင်အား ရင်ညွန့်၊ ယာရင်အုံ၊ ဝဲဘက်လက်မောင်း၊ ဝဲဘက်ဆီးခုံ၊ ခါးလယ်တို့တွင် ထိုးသွင်းဒဏ်ရာတစ်ချက်စီနှင့် ယာလက်သန်းတွင် ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် နယ်ခြားစောင့်ရဲဌာနချုပ်(၂) ပြင်ဖြူရဲစခန်းသို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် လာရောက် တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နယ်ခြားစောင့်ရဲဌာနချုပ်(၂)မှ တာဝန်ရှိသူများက နံနက် ၈ နာရီခွဲခန့်တွင် သေဆုံးသူ နူရ်ကာရင်အား မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး အမှုမှန်ပေါ်ပေါက်ရေးနှင့် ဖြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

www.facebook.com/themyawadydaily



## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုကရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။



### နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့။

## ၂၀၁၇ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သောအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပပြုလုပ်



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် မတ် ၂

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၁၇ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဆုချီးမြှင့်ခြင်းကိုပြုလုပ်ရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကြီးနှင့် အမျိုးသမီးပြေးခုန်ပစ်တံခွန်စိုက်ဒိုင်းများအား တာဝန်ခံအရာရှိနှင့်နည်းပြတို့ကပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။

၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ရွှေတံဆိပ်ဆုရ အားကစားသမားများနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမား ၃၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တံခွန်စိုက်ဒိုင်း နှစ်ခု၊ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၆ ခု၊ ကြေးတံဆိပ် ၁၇ ခု၊ စုစုပေါင်း ၆၁ ခု ဆုများအသီးသီးရရှိခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မော်လမြိုင်မြို့ ရွှေဟောင်းသမိုင်းဝင်ကျိုက်သလွံ စေတီတော်မြတ်ကြီး ပုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်းနှင့် သောက်ရေသန့်စက်လှူဒါန်းခြင်းကျင်းပ



မော်လမြိုင်မြို့ ရွှေဟောင်းသမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲ ကျင်းပစဉ်။

နေပြည်တော် မတ် ၂

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ရွှေဟောင်းသမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းနှင့် သောက်ရေသန့်စက်လှူဒါန်းခြင်းတို့ကို မတ် ၁ ရက်တွင် အဆိုပါကျိုက်သလွံစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်အရှင်သူမြတ်များက ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ပုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့ပြင် ရဟန်းရှင်လူပြည်သူများသောက်သုံးနိုင်ရန် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ထားရှိမည့် ရေသန့်စက်ကို တိုင်းမှူးက ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မန်တုံမြို့၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ



မန်တုံ မတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယပညာရေးမှူး ဦးလာမာဆာအေးက အမှာစကားပြောကြားပြီး သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာစိုးဇော်ဦးက သွားနှင့်ခံတွင်းနှင့်ပတ်သက်၍ ကာကွယ်ရန်နည်းလမ်း အဆင့်ဆင့်၊ ဘေးထွက်ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် CESVI အဖွဲ့မှ ဦးညီညီအောင်က CESVI အဖွဲ့၏လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်တွဲဖက်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာချစ်ဝင်းလေးက နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာများကိုရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့ဝင်များ၊ မိဘပြည်သူများတက်ရောက်ကြပြီး တက်ရောက်လာသူများအား ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျောက်မဲခရိုင်(ပြန်/ဆက်)

www.facebook.com/themyawadydaily

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# St Paul High School gets blue plaque marking it as Yangon's 17th heritage




**Yangon March 2**

Yangon Heritage Trust marked St Paul High School as its 17th Yangon heritage by erecting the blue plaque at the building now housing the No.6 Basic Education High School of Botahtaung Township at the corner of Anawrahta and Theinbyu roads.

"The school has an honourable history in the educational sector of Yangon. Since its establishment St Paul had been included in the top-notch schools of Myanmar. I am happy as it has been marked as a heritage. Most people see old building of Yangon centre as the colonialist legacy. In reality, these buildings were the places where anti-colonialism thoughts and activities and future visions of the new generation were born. We are not conserving St Paul as a colonial building, but as one of the places that contributed to the emergence of modern Myanmar," said Dr. Thant Myint Oo, founder and president of Yangon Heritage Trust.

St Paul is a significant symbol of the famous 19th century missionary work.

A blue plaque is a permanent sign installed in a public place in the United Kingdom and elsewhere to commemorate a link between that location and a famous person or event, serving as a historical marker.

**Chan Chan Ko**

## Myanmar fruits and vegetables available in Singapore

**Yangon March 2**

Fruits and vegetables produced in Myanmar are available at fifteen Cold Storage supermarkets in Singapore as from 1 March, according to the Myanmar Golden Produce (MGP).

"Those supermarkets are selling chip peas, egg plants, lady fingers, chillies, aubergines, cucumbers and so on from Myanmar. Myanmar fruits and vegetables can be found at their separate counters," said an official of MGP.

"We had to take about four months to sell those agricultural products in Singapore. First, we had to give them the samples. Previously, we just exported mangoes and muskmelons. We also wanted to export fruits and vegetables. As we have demand especially from expatriate Myanmars, we implement the scheme to sell our fruits and vegetables in the island state," said the responsible person.

Cold Storage supermarket has 48 branches in total across Singapore and about 80 percent of fruits and vegetables can be sold successfully there at present. **447**

## 3MDG will put 50 rural health centres under care Health and Sports Ministry

**Yangon March 2**

The Three Millennium Development Goal Fund – 3MDG will hand over 50 rural health promotion centres to the Ministry of Health and Sports next month.

3MDG that is helping reduce child mortality rate, promoting maternal health and combating HIV, tuberculosis and malaria provided USD 12 million in running 82 centres all across the country.

The May transfer list includes 17 in Sagaing Region, nine in southern Shan State, four in eastern Shan State, four in northern Shan State, six in Kayah State, five in Chin State, three in Yangon Region and two in Mandalay Region.

Up to now, 3MDG has already put 17 centres in Magway Region and 15 in Ayeyawady Region under the ministry.

Each rural health centre has its own delivery room, emergency room, waiting room, patient care ward, water tanks, holes for burying afterbirth and burning used of hazardous stuff, staff quarters drug store and solar-powered emergency electricity generation system.

Maternal, infant and child care is the main function of the centres. Based on the size, each centre can conduct medical check on up to 50 people every day.

**447**

## Effective measures to be taken against illegal flow of counterfeit goods and illegal trade

**Yangon March 2**

According to the Department of Food and Drug Administration-FDA, it will take effective measures against illegal flow of counterfeit goods and illegal trade in Myanmar.

FDA also said that these measures were aimed at ensuring a secure and safe public life while assuring nationwide commodity analyses and checks and market surveillances in effectively curbing the spread of hazardous and harmful foodstuff and drugs in the local markets.

"We will severely punish anyone connected with the illegal flow of counterfeit goods," said Union Minister for Health and Sports Dr Myint Htwe.

Vice-chairman U Thein Han of Union of Myanmar Federation of Chambers of Commerce and Industry assured protection for honest distributors who are facing false complaints made against them by illegal businesses, suggesting the adoption of laws protecting consumers, trademarks and foodstuff.

According to the Ministry of Planning and Finance, illegal trading the main source of illegal goods must be curbed.

Monthly indicator on goods must be issued in exposing the chemically faked goods and ingredients of mixed oils in the market.

Moreover, training courses and public awareness courses will be conducted in cooperation with private organizations.

**443**

www.facebook.com/themyawadydaily



# Modern security devices to be installed at Shwedagon


Pilgrims seen on the square of the Shwedagon Pagoda.

**Yangon March 2**

Modern security equipment will be installed at the Shwedagon within six months to heighten the pagoda's safety measures, Union Minister for Religious Affairs and Culture Thura U Aung Ko told the media on 28 February.

While answering a media question, the Union minister said, "The pagoda board of trustees is discussing with the experts from Japan, France and Italy to buy modern inspection equipment for the safety of the pagoda."

"Experts from Japan, France and Italy will come here in March for the second time to set up modern security equipment. They will give advices for the full security of the pagoda after meeting with the pagoda board of trustees and the experts in the country," said the Union Minister.

"Based on their advices, necessary electronic equipment will be bought. Therefore, the security equipment can be fixed within three to six months," he added.

At present, the processes to install day/night lighting system, security cameras and advanced screening system are being carried out for the safety of the pagoda and the money for the project will come from the donations of local and foreign visitors," he said.

**Aung**

# Measles outbreaks reported in 40 townships of Yangon

**Yangon March 2**

An official of the Public Health Department under the Ministry of Health and Sports said the outbreaks of measles are reported in 40 out of 44 townships in Yangon and it is taking preventive measures against measles.

Hlaingthaya, Insein, Kyimyindine, Thaketa and Twantay have seen an epidemic of measles. In an attempt to control measles outbreaks, the department is implementing immunization program in the five affected townships.

The department will cooperate with medical experts from the WHO to control measles. From 6 to 20 February, 411,666 children aged between nine months and 15 years were vaccinated against measles.

The department is working to cover the immunization program nationwide. The move aims to control the recent outbreaks of measles. Currently, efforts are being made to include on the list of measles-free countries.

**Soe Moe**

# Green light for imports of used machines

**Yangon March 2**

With the aim of helping support the establishment of industries, the Ministry of Commrce said it will continue allowing the imports of second-hand machines this year.

The ministry will allow the importation of used materials via sea routes. The procedures adopted by the ministry also take into consideration not to occur about huge piles of unnecessary machines, environmental degradation and production capacity.

Entrepreneurs are to import used machines along with the documents describing full specifications and the recommendations of the Industrial Supervision and Inspection Department.

The department will check whether or not imported machines are to meet the specifications described in the licence applications. Action will be taken against importers who fail to abide by the rules.

Since 2015, the government has been allowing the imports of used machines to help develop Small and Medium-sized Industries and enable them to reduce investment costs.

**Chan Chan Ko**

# Inle locals call for construction of new jetty

**Yangon March 2**

Local and social organizations from Inle region have called on the government to develop a jetty project as vessels are facing difficulties in Nyuangshwe Township which sees a massive influx of tourists.

Tourists have to mainly use vessels to visit floating villages on the Inle Lake. Now the authority is carrying out the dredging of waterways and the construction of retaining walls as the water level of the Inle Lake becomes low.

"We see accidents frequently. We have suggested that the new jetty should be built on the western bank of Inle Lake, about three miles of Nyaungshwe Township. Upon completion, it will help support tours and tomato exports," said an official from the Save The Inle Lake.

There are 35 village-tracts, eight wards and 445 villages in Inle region. Thanks to it, the authority can tackle traffic jam problems.

**447**

# US dollar price to be fixed based on daily interbank market rate


The price of US dollar will be fixed based on the interbank market rate.

**Yangon March 2**

The Central Bank of Myanmar will fix the exchange rate of US dollar based on the daily prices of the commercial banks, according to its senior official.

Interbank market rate will be implemented with the technical assistance of the International Monetary Fund.

"Previously, there were price gaps between the market price of the money changers and the market price of the private banks. Also, there were price differences between the prevailing price of the banks and the central bank. The Central Bank of Myanmar will not fix the exchange rate and it will announce the price of the US dollar based on the interbank market rate. Hence, there may not be price gap in the market," said a senior official of the Central Bank of Myanmar.

"(The officials) are trying to define the real market price of US dollar as there were huge price gap between the exchange rate defined by the central bank and the market price in the previous time. As a result, there were difficulties to operate banking systems," he explained.

"As the current financial market in the country is not in a stable condition, the country still needs controlled exchange rate fixed by the Central Bank of Myanmar," advised U Than Lwin, a senior advisor of Kanbawza Bank.

"The development of the financial market should be studied if the price of US dollar is fixed based on the interbank market rate. There will be some difficulties to implement the market price," he explained.

Interbank transactions are switched to electronic platform as from 1 January 2017, according to the Central Bank of Myanmar.

**Aung**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## Eight-year-old boy and family shot dead in restive Thai south

**Bangkok March 2**

An eight-year-old boy and three relatives were shot dead on their way to school in Thailand's insurgency-torn south on Thursday, authorities said, casting a pall over recent peace talk gains.

Thailand's southern tip has festered with violence for over a decade as Malay-Muslim rebels wage a rebellion against the Buddhist-majority state.

At least 6,800 people -- mostly civilians -- have been killed in attacks that have seen both sides accused of rights abuses.

Early Thursday two gunmen opened fire on the pick-up truck of a local official who was driving his son to school in Narathiwat province, police and a military spokesmen said.

The deputy village headman's wife and sister-in-law were also in the car with all four killed in the ambush. Two other people were also in the vehicle but survived the attack.

"It's likely the work of militants trying to incite unrest," Colonel Ruangsak Buadaeng, commander of Ruso district police station, told AFP.

Rebels routinely target local officials, public school teachers and other perceived collaborators with the Thai state.

The attack comes two days after the Thai army and rebel negotiators agreed to create a safety zone in the region.

The agreement was the first of its kind in talks between the two sides that have staggered on for years but failed to produce concrete results.

But analysts have been quick to caution that the measure carries little weight without the support of the BRN faction that provides most of the active rebel fighters on the ground.

BRN militants have routinely staged attacks timed to discredit meets between the army and Mara Patani, the group that claims to represent the shadowy insurgent network at the negotiating table.

"I don't see this announcement as a major breakthrough," Don Pathan, a Thai analyst based in the restive region, said of the safety zone agreement.

"Mara Patani doesn't have command-and-control over the insurgents on the ground," he added.

In a statement Mara Patani said it was "saddened" by Thursday's killings, adding it was committed to resolving the southern conflict "through peaceful political dialogue".

**AFP**

# Russian jets mistakenly bomb US-backed forces in Syria: US



**The Russians apparently had observed Islamic State fighters moving from the area and wrongly assumed that other forces remaining were jihadists.**

**Washington March 2**

Russian warplanes bombed US-backed fighters in several small villages in northern Syria after they mistakenly thought Islamic State group forces were in the area, a US general said Wednesday.

Army Lieutenant General Stephen Townsend said Russian and Syrian regime aircraft attacked the villages to the south and east of Al-Bab in Aleppo province on Tuesday, resulting in an unspecified number of casualties.

The Russians apparently had observed Islamic State fighters moving from the area and wrongly assumed that other forces remaining were jihadists.

"We had some Russian aircraft and regime aircraft bomb some villages that I believe they thought were held by ISIS, yet... actually on the ground were some of our Syrian Arab Coalition forces," Townsend told reporters in a video call from Baghdad, using another acronym for the jihadists.

The SAC forms part of a broader alliance called the Syrian Democratic Forces (SDF) comprising Kurdish and other groups that the United States has been training and advising to lead the anti-IS fight.

US troops operating less than five kilometers (three miles) from the villages observed the bombing and communicated the error, which was then passed to the Russians through a "deconfliction" hotline the two powers have established to avoid mishaps.

"It became apparent that the strikes were falling on some of the Syrian coalition positions," Townsend said.

"Some quick calls were made to our deconfliction channels and the Russians acknowledged and stopped bombing there."

The Russian defense ministry denied conducting air strikes but confirmed communication through the hotline.

"During these talks, the US Air Force representative expressed concern that Syrian and Russian airplanes could inflict an unintentioned strike on US-controlled armed groups while carrying out combat missions against (IS) south of Manbij," the Russian ministry said in a statement.

"This information was taken into account by the Russian command. Not one strike was carried out by Syrian or Russian aviation on the districts pointed out by the American side."

**AFP**

# Elephants are insomniacs, sleeping just 2 hours a night

**Miami March 2**

Elephants hardly ever sleep in the wild, getting around two hours of shut-eye per night and only in the wee hours of the morning, researchers said Wednesday.

The findings in the journal PLOS ONE are based on two female wild African elephants -- living in Botswana's Chobe National Park -- who appear to sleep the least of any known mammals to date.

Researchers fitted the elephants' trunks with movement trackers, similar to personal fitness monitors, and their necks with GPS collars complete with gyroscopes, and followed their activities for 35 days.

"We reasoned that measuring the activity of the trunk, the most mobile and active appendage of the elephant, would be crucial, making the reasonable assumption that if the trunk is still for five minutes or more, the elephant is likely to be asleep," said researcher Paul Manger, from the School of Anatomical Sciences at the University of the Witwatersrand in South Africa.

They found that the elephants slept only two hours per day on average, usually sometime between 2:00 am and 6:00 am.

Researchers said factors such as temperature and humidity were more likely than sunrise and sunset to influence when elephants went to sleep.

The duo of matriarchs could sleep either standing or lying down. They tended to lie down to sleep only every three or four days, and then for only about an hour.

This pattern suggests that the deep sleep, known as REM or the rapid eye movement period of slumber, is not something elephants need to consolidate memories the way humans do.

**AFP**

## Malaysia cancels N.Korea visa-free deal after Kim murder: report

**Kuala Lumpur March 2**

Kuala Lumpur has cancelled a visa-free travel deal with Pyongyang as a diplomatic spat deepens over the assassination of the half-brother of North Korea's leader, national news agency Bernama reported Thursday.

The government implemented the change on the grounds of national security, the Malaysian news agency quoted the country's deputy prime minister Ahmad Zahid Hamidi as saying.

The cancellation will take effect on March 6, after which North Koreans entering Malaysia will be required to obtain a visa, the report added.

Before the murder of Kim Jong-Nam at Kuala Lumpur International Airport on February 13, the two countries enjoyed relatively warm ties, with some bilateral trade and citizens of both nations entitled to travel to the other under a unique reciprocal visa-free deal.

The cancellation comes after members of the powerful ruling party, the United Malays National Organisation, held a protest outside the North Korean embassy last week and demanded Malaysia end the free visa ruling.

Two female suspects in the attack, Indonesian Siti Aisyah, 25, and Doan Thi Huong, 28, from Vietnam, were charged with murder on Wednesday.

Malaysia has arrested one North Korean and named several others as suspects.

Seoul says the government of North Korean leader Kim Jong-Un ordered the killing of Kim Jong-Nam, who died after his face was rubbed with a powerful nerve agent, and engaged two outsiders to carry it out.

The spectacular killing sparked an international probe and lurid stories of Pyongyang's Cold War-style tradecraft.

North Korea, which has not acknowledged the dead man's identity, has vehemently protested the investigation, saying Malaysia is in cahoots with its enemies.

Malaysia had already recalled its envoy to Pyongyang and also summoned the North Korean ambassador to Kuala Lumpur.

**AFP**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# Another reason to get 8 hours sleep each night: Those who get too much or too little are at risk of being OBESE

- **Researchers assessed the sleeping habits of more than 120,000 participants**
- **They found those with the obesity gene are most at risk from a poor night's rest**
- **Sleeping for too much each night was linked to being around 9lbs (4kg) heavier**
- **While not getting enough on a daily basis made people weigh 4.4lbs (2kg) more**



Not getting the right amount of shut eye increases the chances of being obese, experts claim.

Make sure you get eight hours of sleep each night.

New research has found that not sticking to the recommended amount of shut eye increases the chances of being obese.

In fact, sleeping for either too much or too little poses the same threat on your waistline, scientists claim.

And the risks of being overweight are widely known, linked to heart disease, type 2 diabetes and various forms of cancer.

Researchers from the University of Glasgow assessed the effects of sleep in more than 120,000 participants.

It is believed to be the first study of its kind to examine the interactions of sleeping habits and obesity genes.

Both long - more than nine hours - and short - less than seven hours - sleeps were looked at.

The findings were compared to those who were deemed to have a normal sleeping pattern of between seven and nine hours a night.

Long sleepers with a risk of obesity were around 9lbs (4kg) heavier, the study published in American Journal of Clinical Nutrition found.

While short sleepers weighed around 4.4lbs (2kg) more than those who had frequently had a healthy night's rest.

**Mail Online**

# Philippines takes big step back towards death penalty

**Manila March 2**

Philippine President Rodrigo Duterte's campaign to bring back the death penalty for drug-related crimes has cleared a major hurdle, with supporters backing it in congress but critics denouncing the planned killings as "inhumane".

The death penalty bill, along with a proposed measure to punish children as young as nine as adult criminals, are key planks of Duterte's controversial drug war that has already claimed more than 6,500 lives.

A majority of politicians in the lower house of congress passed a second reading of the bill on Wednesday night, clearing one of the biggest obstacles in proponents' plans to make the death penalty legal by May.

A third and final reading still needs to be held next week, although with no more debates both sides agree passage is a formality. Then the Senate, which is similarly dominated by Duterte's allies, would pass a counterpart bill.

"We have hurdled the most difficult part," congressman Reynaldo Umali, a sponsor of the bill, told AFP.

Opponents voiced anger the Philippines would bring back the death penalty, 11 years after it was revoked, highlighting among many concerns a corrupt justice system that would lead to innocent people being executed.

"The decision is inhumane, shameful and blatantly disrespectful," Father Jerome Secillano, executive secretary for public affairs at the Catholic Bishops' Conference of the Philippines, said in a statement sent to AFP.

The speaker of the house also threatened to strip lawmakers of committee leadership positions if they voted against the bill.

"This is a chamber of puppets and bullies," congressman Edcel Lagman, a longtime opponent of capital punishment, said after his efforts to block the bill were voted down.

The bill limits the death penalty to drug-related crimes.

Possessing 500 grammes of marijuana, or 10 grammes of cocaine, heroin or ecstasy, would be crimes punishable by execution, as would manufacturing and selling drugs.

People who commit serious crimes such as murder and rape while under the influence of drugs could also be executed.

However committing those crimes without being under the influence of drugs would only be punishable with jail terms.

The bill allows for execution by hanging, firing squad or injection.

Duterte won presidential elections last year after pledging an unprecedented campaign to eradicate illegal drugs in society by killing tens of thousands of people.

Since he took office in June, police have reported killing more than 2,550 people in the drug crackdown, claiming all the deaths were in self defence, while more than 4,000 others have died in unexplained circumstances.

**AFP**

# Sweden to bring back conscription, says report

**Stockholm March 2**

Sweden announced Thursday that it will reintroduce compulsory military service starting this summer to respond to global security challenges including from Russia.

"The government wants a more stable staff supply system and to boost its military capability because the security situation has changed," Swedish Defence Minister Peter Hultqvist told TT news agency.

The Scandinavian nation, which has not seen armed conflict on its territory in two centuries, ended conscription in 2010 after it was deemed an unsatisfactory way of meeting the needs of a modern army.

Sweden's minority government on Thursday is set to introduce to the parliament a bill to restore conscription this summer for all Swedes born after 1999. It will last for 11 months.

The measure is expected to be adopted by parliament, subject to agreement between the leftist government and the centre right opposition.

Some 13,000 young Swedes are expected to be mobilised from July 1, but only 4,000 of them, 18-year-olds of both sexes, will be selected for military service based on motivation and skills.

They will be called up each year after January 1 2018.

"The new security situation is also a reality, partly in the form of Russian power politics which has long been underestimated and downplayed," Wilhelm Agrell, a security expert at Lund University, told AFP.

Sweden is not a NATO member but has signed the body's Partnership for Peace programme launched in 1994 to develop military cooperation between NATO and non-member countries.

On defence issues, Sweden is very close to its Finnish neighbour, which has with Russia a border of 1,340 kilometres (800 miles).

The Nordic and Baltic region's only non-aligned countries, Finland and Sweden, have stepped up their military cooperation with US, following concerns over Russia's increased military activity in northern Europe.

Finland accused Moscow last year of violating its airspace when two Russian fighter jets flew on separate occasions in the south of the coastal town of Porvoo. The incident raised alarm in Sweden.

**AFP**

www.facebook.com/themyawadydaily

21.indd 1 3/2/2017 8:30:42 PM

www.facebook.com/themyawadydaily



# စစ်ကိုင်းမြို့၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပ

စစ်ကိုင်း မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပဒုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၇ နာရီ မိနစ် ၅၀ က ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဦးမောင်ကိုက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးမောင်ကိုက ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင် ဦးမောင်ကို၊ ဒေါ်ရွှေဥ(ထာဝရကုသိုလ်)မိသားစုက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မင်းတဲကြည်ဖြူအခမဲ့ဆေးခန်းအတွက် အလှူငွေကျပ်သိန်း ၅၀၊ မန္တလေးတိုင်းဒေသကြီး အဖြူရောင်ပရဟိတအသင်းအတွက် ငွေကျပ်သိန်း ၅၀၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ လောကပါလလူမှုကူညီရေးအသင်းအတွက် အလှူငွေကျပ်သိန်း ၃၀၊ စစ်ကိုင်းမြို့နယ် ပဒုကျေးရွာရှိ မေတ္တာသုခလူမှုကူညီရေးအသင်းအတွက် ငွေကျပ် ၁၀ သိန်း၊ သမစိတ္တလူမှုကူညီရေးအသင်းအတွက် ငွေကျပ် ၁၀ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များဖြစ်ကြသော လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင် ဦးမောင်ကို၊ ဒေါ်ရွှေဥ(ထာဝရကုသိုလ်)မိသားစုနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၉)

# ကွန်ကရစ်တံတားနှင့်ချောင်းကူးတံတား တည်ဆောက်နေမှုစစ်ဆေး

ပန်းတောင်း မတ် ၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စွာ သွားလာနိုင်ရေးအတွက် တုံကင်းရွာမ-တုံကင်းချင်းရွာ ကွန်ကရစ်တံတားနှင့် ဂျင်းရဲကျွန်း-ဆိတ်တဲချောင်းကူးတံတားတည်ဆောက်မှုလုပ်ငန်းများကို ယမန်နေ့ ညနေ ၄ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်နှင့်အဖွဲ့တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ပန်းတောင်းမြို့နယ် တုံကင်းကျေးရွာအုပ်စု တုံကင်းရွာမ-တုံကင်းချင်းရွာ ဆက်သွယ်သော တံတားအရှည်ပေ ၁၅၀၊ အကျယ် ၁၄ ပေရှိသော ကွန်ကရစ်တံတားနှင့် ကျွန်းမီးကျေးရွာအုပ်စု ဂျင်းရဲကျွန်း-ဆိတ်တဲဆက်သွယ်သော ချောင်းကူးတံတားအရှည် ၃၅၅ ပေ ၆ လက်မ၊ တံတားအကျယ် ၁၄ ပေရှိသော ရွှေတံငါချောင်းကူးတံတားဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးနှင့်အဖွဲ့သည် ကွန်ကရစ်တံတားနှင့်ချောင်းကူးတံတားတည်ဆောက်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လမ်းပန်းဆက်သွယ်ရေးကိစ္စများကို ဆွေးနွေးကြကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

# နွေရာသီအားကစားသင်တန်းများဖွင့်လှစ်ခြင်းနှင့် အားကစားဝတ်စုံ အားကစားအထောက်အကူပြုပစ္စည်းများအတွက် ထောက်ပံ့ငွေပေးအပ်

ဘားအံ မတ် ၂

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၃၀ ၏ နွေရာသီအားကစားသင်တန်းဖွင့်လှစ်မည်ဖြစ်ရာ ယမန်နေ့ နံနက်ပိုင်းက ကျောင်းလေးကျောင်းတွင် နွေရာသီအခြေခံအားကစားသင်တန်းများကို စတင်ဖွင့်လှစ်ကြောင်းသိရသည်။

ထိုသို့ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်လှစ်ရာ အုန်းတပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ နောင်လုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဝဲကရင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်း (လှေ့ကျင့်ရေး)ကျောင်းတို့တွင် မတ် ၁ ရက်မှ ၁၅ ရက်အထိ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်နှင့် ဘတ်စကက်ဘောအားကစားနည်းများကို ဖွင့်လှစ်သည်။

နွေရာသီအားကစားသင်တန်းများ အနေဖြင့် မတ် ၁၈ ရက်မှ ဧပြီ ၂ ရက်အထိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဂျူဒိုအားကစားနည်း၊ မတ် ၂၀ ရက်မှ ဧပြီ ၄ ရက်တွင် ဒုံရင်းအခြေခံပညာအထက်တန်းကျောင်း၌ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်နှင့် ဘတ်စကက်ဘောအားကစားနည်း၊ မတ် ၂၅ ရက်မှ ဧပြီ ၈ ရက်အထိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ကော့ကျိုက်ကျေးရွာကျောင်း၊ အခြေခံပညာအထက်တန်း(စက်ရုံ)ကျောင်း၊ တောင်ကလေးကျေးရွာကျောင်းနှင့် ထုံဗိုင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတို့တွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ဂျူဒို၊ ပြေးခုန်ပစ်၊ ခိုးရာခြင်းလုံး၊ ခရစ်ကက်၊ ကရာတေး၊ ဒိုင်



တိုက်ကွမ်ဒို အားကစားနည်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၃၀ အတွက် အားကစားဝတ်စုံ၊ အားကစားအထောက်အကူပြုပစ္စည်းများထောက်ပံ့ပေးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၁၄၇၀၀၀၀၊ ကရင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ငွေကျပ် ၃၂၃၀၀၀၀ စုစုပေါင်းငွေကျပ် ၄၇ သိန်း ထောက်ပံ့ကြောင်းနှင့် ဧပြီ ၁ ရက်မှ ၂၀ ရက်အထိ ရေကူးအားကစားဝါသနာရှင်များအား ဘားအံမြို့ ဇွဲကပင်အဆင့်မြင့်ရေကူးကန်တွင် ရေကူးနည်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း အဆိုပါအားကစားဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# တနင်္သာရီမြို့၌ လယ်ယာမြေဥပဒေ နည်းဥပဒေဆိုင်ရာသင်တန်းဖွင့်လှစ်



တနင်္သာရီ မတ် ၂

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေဆိုင်ရာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က တနင်္သာရီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အချို့ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် လယ်ယာမြေကိစ္စဆိုင်ရာများနှင့်ပတ်သက်၍ ဖြေရှင်းပေးနေမှုများ အားနည်းနေသေးသည်ကို တွေ့ရှိနေရသဖြင့် ပြည်သူလူထုနှင့်လယ်ယာမြေကိစ္စဖြေရှင်းမှုပြုလုပ်ရာ၌ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာဖြေရှင်းကိုင်တွယ်မှုပြုနိုင်ရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးတို့က သင်တန်းပို့ချပေးမှုနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၂၁ ဦး၊ ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်း ၁၉ ဦးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူးနှင့် မြေတိုင်းစာရေး ၁၀ ဦး စုစုပေါင်း ၅၁ ဦးတို့တက်ရောက်ကြသည်။

သင်တန်းကို မတ် ၁ ရက်မှ ၃ ရက်အထိ သုံးရက်တာကာလအတွင်း နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# ကုန်စည်ဈေးနှုန်းများ

**ဆန်**

| | | | | | |
|---|---|---|---|---|---|
| ပေါ်ဆန်း (ဖျာပုံ) | တစ်ပြည် | ၁၅၀၀ | - | ၂၀၀၀ | ကျပ် |
| ပေါ်ဆန်း (ရွှေဘို) | တစ်ပြည် | ၂၁၀၀ | - | ၂၅၀၀ | ကျပ် |
| တောင်ပြန် | တစ်ပြည် | ၁၀၀၀ | - | ၁၄၀၀ | ကျပ် |
| ဧည့်မထ | တစ်ပြည် | ၉၀၀ | - | ၁၁၀၀ | ကျပ် |

**ဆီ**

| | | | |
|---|---|---|---|
| မြေပဲဆီ | တစ်ပိဿာ | ၄၂၀၀ | ကျပ် |
| နှမ်းဆီ | တစ်ပိဿာ | ၄၁၀၀ | ကျပ် |
| စားအုန်းဆီ | တစ်ပိဿာ | ၁၈၂၅ | ကျပ် |

**အထက်ပါဈေးနှုန်းများသည် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။**

**စက်သုံးဆီ**

| | | | |
|---|---|---|---|
| ပရီမီယမ်ဒီဇယ် | တစ်လီတာ | ၇၄၀ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၇၂၀ | ကျပ် |
| ဓာတ်ဆီ | တစ်လီတာ | ၇၂၀ | ကျပ် |
| အောက်တိန်း (92) | တစ်လီတာ | ၇၃၀ | ကျပ် |
| အောက်တိန်း (95) | တစ်လီတာ | ၇၇၀ | ကျပ် |

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | | |
|---|---|---|---|---|
| အခေါက်ရွှေ ၁၆ ပဲရည် | တစ်ကျပ်သား | - | ၈၉၇၅၀၀ | ကျပ် |
| ၁၅ ပဲရည် | တစ်ကျပ်သား | - | ၈၄၄၇၀၀ | ကျပ် |

**နိုင်ငံခြားငွေကြေး**

| | | | | | |
|---|---|---|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၃၅၅ | - | ၁၃၅၉ | ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၉၆၀ | - | ၉၆၅ | ကျပ် |
| ယူရို | တစ်ယူရို | ၁၄၂၅ | - | ၁၄၄၀ | ကျပ် |
| ယွမ် | တစ်ယွမ် | ၁၉၃ | - | ၁၉၈ | ကျပ် |
| ဘတ် | တစ်ဘတ် | ၃၈.၉ | - | ၃၉.၁၅ | ကျပ် |
| ရင်းဂစ် | တစ်ရင်းဂစ် | ၃၀၃ | - | ၃၀၇ | ကျပ် |
| စတာလင်ပေါင် | တစ်ပေါင် | ၁၆၇၉ | - | ၁၆၈၄ | ကျပ် |
| ယန်း | တစ်ယန်း | ၁၂ | - | ၁၂.၁၅ | ကျပ် |

**သိမ်ဖြူငွေလဲကောင်တာမှ ကောက်ယူထားသောနှုန်းဖြစ်ပါသည်။**

(၂၈၀)

www.facebook.com/themyawadydaily

# ဘာစီလိုနာထံ အဆင့်(၁)နေရာလွှဲပေးခဲ့ရသော်လည်း ဇီဒန်းအကောင်းမြင်ဆဲ ပယ်နယ်တီတစ်ဂိုးပေးရပြီး ဘေးလ်အနီကတ်ထိသော်လည်း ဒိုင်ကိုမဝေဖန်ဟုဆို



မက်ဒရစ် မတ် ၂

ဗုဒ္ဓဟူးနေ့ညတွင် လက်စ်ပါးမက်စ်နှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ရီးယဲလ်အသင်းသည် ကံကောင်း၍ မရှုံးနိမ့်ခဲ့သော်လည်း သရေသာကစားနိုင်သဖြင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာကို မဟာပြိုင်ဘက် ဘာစီလိုနာထံလွှဲပေးခဲ့ရသည်။ သို့သော် ရီးယဲလ်နည်းပြ ဇီဒန်းက လာလီဂါပြိုင်ပွဲသည် တာတိုပြေးပွဲမဟုတ်ဘဲ မာရသွန်ပြေးပွဲဖြစ်၍ ချန်ပီယံဆုအတွက် အကောင်းမြင်နိုင်ဆဲဖြစ်ကြောင်း ခုခံပြောကြားသွားသည်။

ထိုပွဲတွင် ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ဒုတိယပိုင်းပွဲစပြီးမကြာမီ အနီကတ်ထိကာ လက်စ်ပါးမက်စ်သည် နှစ်ဂိုးပြတ်ဖြင့် တစ်ကြိမ်၊ ၃ ဂိုး-၁ ဂိုးဖြင့် နောက်တစ်ကြိမ် ဦးဆောင်နိုင်ပြီးမှ ရီးယဲလ်အတွက် စီရော်နယ်ဒိုက ပွဲပြီးရန် လေးမိနစ်အလိုအချိန်အတွင်း ချေပဂိုးနှစ်ဂိုးသွင်းသောကြောင့် သရေတစ်မှတ်ခွဲယူနိုင်ခဲ့သည်။ ထို့ပြင် လက်စ်ပါးမက်စ်ဘက်မှလည်း ပယ်နယ်တီတစ်ဂိုးရရှိခြင်းအတွက် ဇီဒန်းက ဒိုင်ဆုံးဖြတ်ချက်အပေါ် စောဒကမတက်ဟု ဆိုခဲ့သည်။

ထိုပွဲတွင် ရီးယဲလ်အတွက် ဒုတိယချေပဂိုးကို စီရော်နယ်ဒိုက ပယ်နယ်တီမှ သွင်းယူပေး၍ ရီးယဲလ်အသင်းကို ဒိုင်များမျက်နှာသာပေးပြီး ဘက်လိုက်စောင်မကြည့်ရှုနေကြသည်ဆိုသော စွပ်စွဲချက်များမှာ ပိုမိုတိုးပွားစရာဖြစ်လာသည်။ ရီးယဲလ်သည် ဗီလာရီးယဲလ်ကို နောက်မှ လိုက်ကစားပြီး ၃ ဂိုး-၂ ဂိုးဖြင့် အနိုင်ရသည့်ပွဲတွင်လည်း ဒုတိယဂိုးကို ပယ်နယ်တီမှ သွင်းယူနိုင်ခြင်းဖြစ်၍ ဘာစီလိုနာခံစစ်မှူး ပီကေးက ဒိုင်လူကြီးများသည် မက်ဒရစ်မြို့ကြီးသားများအသင်းကို ဘက်လိုက်မျက်နှာသာ ပေးနေကြသည်ဟု ဝေဖန်ခဲ့သေးသည်။

လက်ရှိတွင် တစ်ပွဲလက်ကျန်ကစားရန်ကျန်နေသေးချိန်၌ ဘာစီလိုနာထက် တစ်မှတ်နည်းသွားရပြီဖြစ်သော်လည်း ဇီဒန်းက"ဖြစ်လာသမျှကိစ္စတိုင်းမှာ ကျွန်တော် ဘယ်တုန်းကမှ ဒိုင်လူကြီးဆုံးဖြတ်ချက်အပေါ် လွှဲမချတတ်ပါဘူး။ ကိုယ့်အသင်းဘာလုပ်နိုင်သလဲဆိုတဲ့အပေါ်ပဲ အာရုံစိုက်တယ်။ လက်ကျန်ရာသီပွဲတွေမှာလည်း ဒီလိုပွဲမျိုးတွေ ရှိနိုင်ပါသေးတယ်။ ရှေ့မှာ ဒီလို သုံးလေးပွဲမျိုးလည်း ကြုံခဲ့ပြီးပြီ။ ကစားရမယ့်ပွဲတွေလည်း အများကြီးကျန်သေးတယ်။ ဒီရာသီလာလီဂါချန်ပီယံပြေးလမ်းက တာတိုပြေးပွဲမဟုတ်တဲ့ မာရသွန်ပြေးပွဲမျိုးသာ ဖြစ်ပါတယ်။ ဒီပွဲမှာ ဂါရတ်ဘေးလ် အနီကတ်အတွက် တောင်းပန်ခဲ့ပြီးပါပြီ။ ဒီလိုအဖြစ်မျိုးတွေလည်း ကြုံတတ်ပါတယ်။ ဖြစ်ပြီးသွားတဲ့ကိစ္စတွေကို ကျွန်တော်တို့ ပြန်လည်ပြောင်းလဲပစ်လို့မရပါဘူး။ ဆင်ခြေလည်း ပေးစရာမရှိဘူး"ဟု ပြောသည်။

ပီကေးသည် ဗီလာရီးယဲလ်နှင့်ပွဲတွင် ရီးယဲလ်ပယ်နယ်တီရခြင်းကို တွစ်တာတွင် ဝေဖန်ရေးသား၍လည်း ယခုပွဲအပြီး၌ ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်က ပြန်လည်ချေပသည့်အနေဖြင့် "ကျွန်တော်တို့ ဒီပွဲမှာ ပယ်နယ်တီတစ်ဂိုးပေးရတယ်။ တစ်ယောက်အနီကတ်ထိထားတယ်။ ဒါပေမဲ့ ဒိုင်လူကြီးဆုံးဖြတ်ချက်ကို တွစ်တာမှာ တက်ရေးစရာတော့ အကြောင်းမရှိပါဘူး"ဟု ပြောသည်။ **Ref:Dailymail**



# အဂ္ဂူရိုအကောင်းဆုံးခြေစွမ်းပြသောပွဲဖြစ်သည်ဟု ဂွါဒီယိုလာချီးကျူး

မန်ချက်စတာ မတ် ၂

မန်စီးတီးအသင်းသည် ဗုဒ္ဓဟူးနေ့ညတွင် အက်ဖ်အေဖလား ပြန်ကန်ပွဲအဖြစ် အင်္ဂလန်ချန်ပီယံရှစ်မှ ဟတ်ဒါးဖီးလ်နှင့် အိမ်ကွင်းပွဲစဉ် ပြန်လည်ကစားရာ ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး ပဥ္စမအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ရာ ထိုပွဲတွင် နှစ်ဂိုးသွင်းနိုင်သော တိုက်စစ်မှူး အဂ္ဂူရို၏ ခြေစွမ်းသည် အကောင်းဆုံး စွမ်းဆောင်ရည်ကို မြင်ရခြင်းဖြစ်သည်ဟု နည်းပြ ဂွါဒီယိုလာက ချီးကျူးသွားသည်။

ဂွါဒီယိုလာသည် ယခုရာသီတွင် တိုက်စစ်မှူးသစ် ဂါဘရီရယ်ဂျီဆက်စ်ကို အဂ္ဂူရိုအား ဖယ်ချန်ပြီး ဦးစားပေး တိုက်စစ်မှူးအဖြစ် အသုံးပြုခြင်းကြောင့် အဂ္ဂူရိုမှာ ရာသီကုန်တွင် အသင်းပြောင်းလိမ့်မည်ဟု ခန့်မှန်းမှုများရှိနေသည်။

သို့သော် ယခုရာသီတွင် ဟတ်ဒါးဖီးလ်နှင့်ပွဲ၌ ၎င်းအတွက် ၂၀ ဂိုးမြောက်နှင့် ၂၂ ဂိုးမြောက်ဂိုးများသွင်းယူခဲ့သော အဂ္ဂူရိုခြေစွမ်းကို ဂွါဒီယိုလာက ချီးကျူးသွားသည်။

"ဒီနေ့မြင်ရတဲ့ အဂ္ဂူရိုခြေစွမ်းက သူ့ကစားသမားဘဝတစ်လျှောက် အကောင်းဆုံးခြေစွမ်းပဲ။ အကောင်းဆုံးအချိန်မှာ ပြေးနိုင်တယ်။ အသင်းကစားရှိန်ကို အကောင်းဆုံး တင်ပေးနိုင်ခဲ့တယ်"ဟု ချီးကျူးသည်။ **Ref:BBC**



# ဒူဘိုင်းလ်ချန်ပီယံရှစ် ဒုတိယအဆင့်တွင် ဖက်ဒါးရားအက်ဗ်ဂီနီဒွန်စကွိုင်းကို အံ့အားသင့်ဖွယ် ရှုံးနိမ့်

အဘူဒါဘီ မတ် ၂

ကျင်းပလျက်ရှိသော ဒူဘိုင်းလ်ချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲ၏ မတ် ၁ ရက်တွင် ယှဉ်ပြိုင်ကစားသော ဒုတိယအဆင့်ပွဲစဉ်များ၌ မကြာသေးမီကမှ ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ဝါရင့်ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒါးရားသည် လက်ရည်စစ်ပွဲမှ တက်လှမ်းလာသည့် ရုရှားနိုင်ငံသား အက်ဗ်ဂီနီ ဒွန်စကွိုင်းကို ၃-၆၊ ၇-၆(၉-၇)၊ ၇-၆ (၇-၅) ဖြင့် အံ့အားသင့်ဖွယ်ရာ ရှုံးနိမ့်ခဲ့သည်။ ဖက်ဒါးရားသည် ဒုတိယပွဲစဉ်နှင့် တတိယပွဲစဉ်များတွင် Tie Break ကစားခဲ့ရပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းပွဲစဉ်တွင် လက်ရှိ ကမ္ဘာ့အဆင့်(၁) ဗြိတိန်တင်းနစ်သမား အန်ဒီမာရေးသည် စပိန်နိုင်ငံသား ဂိုင်းလာမိုကို ၆-၂၊ ၆-၀ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိသည်။

တခြားအမျိုးသမီးတင်းနစ်ပွဲစဉ်အဖြစ် မတ် ၂ ရက်က မက္ကဆီကို၌ ယှဉ်ပြိုင်ကစားသော အဘီယာနို မက္ကဆီကာနိုတယ်လ်ဆဲ တင်းနစ်ပွဲတွင် ဗြိတိန်နာမည်ကြီးတင်းနစ်မယ် ဟီသာဝက်ဆန်သည် ပြိုင်ဘက် ပြင်သစ်သူ ခရစ္စတီနာ မလာဒီနိုဗစ်ကို ၇-၆ (၇-၄) ၆-၇ (၅-၇) ၇-၅ဖြင့် အနိုင်ရရှိသည်။ ထိုပွဲကို သုံးနာရီခွဲကြာ ခက်ခဲစွာကစားရပြီး အသက် ၂၄ နှစ်ရှိပြီဖြစ်သော ဝက်ဆန်သည် ကမ္ဘာ့အဆင့်၌ မိမိထက် ၄၃ ဆင့်မြင့်သည့် မလာဒီနိုဗစ်ကို အနိုင်ရသွားခြင်းဖြစ်သည်။ **Ref:Dailymail**

# အာဂျင်တီးနားကလပ် ဒီဖန်ဆော်အသင်း သေနတ်ဖြင့်ချိန်ပြီး ဓားပြတိုက်ခံခဲ့ရ

ဘူရှနိုအေးရိစ် မတ် ၂

အာဂျင်တီးနားအဆင့်မြင့်တန်းကလပ် ဒီဖန်ဆော်အသင်းသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်ခန်းမဆင်းမီ သေနတ်ဖြင့်ချိန်ပြီး ဓားပြတိုက်ခံရကြောင်း သိရသည်။

ဒီဖန်ဆော်အသင်းသည် အာဂျင်တီးနားနိုင်ငံ မြို့တော် ဘူရှနိုအေးရိစ်၌ အခြေစိုက်သော အသင်းဖြစ်ပြီး ဓားပြတိုက်ရာတွင် ကစားသမားသုံးဦးမှာ ကြမ်းတမ်းစွာ ပြုမူခံခဲ့ရကြောင်းနှင့် ဓားပြများသည် ပစ္စည်းပေါင်းစုံကို ယူဆောင်သွားကြကြောင်း အသင်းဥက္ကဋ္ဌကိုယ်တိုင်က အတည်ပြုသွားသည်။

ဒီဖန်ဆော်အသင်းဥက္ကဋ္ဌ ဟိုဆေးလမ်မီက"သူတို့ ယူနိုင်သမျှပစ္စည်းတွေကို ယူဆောင်သွားတယ်။ အသင်းကွင်းလယ်ကစားသမား ကက်စတီလာနိဆိုရင် သေနတ်နဲ့ချိန်ပြီး ဓားပြတိုက်ခံလိုက်ရတယ်။ တော်သေးတာက ဓားပြတိုက်ရုံပဲရှိခဲ့ပြီး အန္တရာယ်မပေးသွားခဲ့တာပဲ။ ဖြစ်ပျက်ခဲ့တာတွေကို ကင်မရာမှတ်တမ်းတွေမှာ ပြန်ကြည့်ပြီးပါပြီ။ စုံစမ်းမှုတွေလည်း လုပ်ဆောင်နေဆဲပါ" ဟု ပြောသည်။

ဒီဖန်ဆော်အသင်းသည် လက်ရှိတွင် ကစားသမားများအတွက် လစာပေးချေခြင်းမရှိနိုင်သေး၍ ကစားသမားများ ပွဲကစားပေးရန် ငြင်းဆန်နေသော အသင်းလည်း ဖြစ်သည်။ **Ref:BBC**

# ရာသီကုန်တွင် ဘာစီလိုနာနည်းပြအဖြစ်မှထွက်မည်ဟု အင်းနရစ်ပြော



ဘာစီလိုနာ မတ် ၂

ဘာစီလိုနာအသင်းသည် ဗုဒ္ဓဟူးနေ့ည လာလီဂါပွဲစဉ်၌ ဂီဂျွန်ကို ၆ ဂိုး-၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရပြီးနောက် ရီးယဲလ်အသင်း သရေပွဲသာကစားနိုင်ခဲ့၍ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ပြန်လည်ရရှိသော်လည်း ဘာစီလိုနာ နည်းပြ အင်းနရစ်က ရာသီကုန်တွင် နည်းပြအဖြစ်မှ ထွက်ခွာမည်ဟု အတည်ပြုပြောကြားသွားသည်။

အင်းနရစ်သည် ဘာစီလိုနာကို စတင်နည်းပြသည့်နှစ်၌ ချန်ပီယံလိဂ်ဆုဖလားအပါအဝင် တစ်ရာသီအတွင်း ဖလားသုံးလုံး ရရှိခဲ့သည်။ မနှစ်ကရာသီတွင်လည်း ပြည်တွင်းဖလားနှစ်လုံး ရရှိခဲ့သော်လည်း ယခုရာသီတွင် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့၌ ပီအက်စ်ဂျီကို အဝေးကွင်းတွင် လေးဂိုးပြတ်ရှုံးခဲ့ရပြီးနောက် နောက်တစ်ဆင့်တက်ရန် မလွယ်တော့၍ ဖိအားများရှိနေသည်။

ထို့ကြောင့် အင်းနရစ်က"ကျွန်တော် ဒီရာသီကုန်ရင် စာချုပ်လည်းကုန်မှာဖြစ်လို့ အသင်းနည်းပြရာထူးက နားပြီးထွက်ခွာပေးမှာပါ။ အသင်းက ဒီရာသီ လက်ကျန် ဖလားသုံးလုံးရနိုင်သေးတဲ့အပေါ်မှာ ကျွန်တော့်ကို ယုံကြည်မှုဆက်ပေးထားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အသင်းကို သုံးနှစ်နည်းပြခွင့်ရခဲ့မှုတာကြောင့် မမေ့နိုင်စရာတွေကို ပိုင်ဆိုင်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဘာစီလိုနာဆိုတာ အသင်းပိုမိုတိုးတက်လာဖို့ အမြဲလိုအင်မပြည့်နိုင်ဘဲ ကြိုးစားနေရတဲ့ အသင်းဖြစ်လို့ နောက်ထပ်ပိုတိုးတက်အောင်လုပ်မယ့် သူလက်ထဲအသင်းကို အပ်ရမှာပါ"ဟု ပြောသည်။ **Ref:Marca**



3-3-2017 (P-28) YM.indd 1 3/2/2017 6:30:29 PM

www.facebook.com/themyawadydaily



# (၂၉) ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ အထိမ်းအမှတ် လက်ဆင့်ကမ်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂

မလေးရှားနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲအထိမ်းအမှတ်အဖြစ် လက်ဆင့်ကမ်းပြေးပွဲပြိုင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မတ် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အားကစားလှုပ်ရှားမှုတစ်ခုအဖြစ် ပြည်သူများပါဝင်နိုင်ရန်ရည်ရွယ်ထားကြောင်း သိရသည်။ ပြိုင်ပွဲအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ မတ် ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲသို့ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ရန်ဖိတ်ကြားထားပြီး ပြိုင်ပွဲကျင်းပမည့် အစီအစဉ်များကိုလည်း ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **MK**

# အမျိုးသားအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေရာသီအားကစားအခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၂

အမျိုးသားအားကစားအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ ၂၀၁၇ ခုနှစ် နွေရာသီအားကစားအခြေခံသင်တန်းကို ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပေါင်းလောင်း ပြည်သူ့အားကစားကွင်း၌ကျင်းပခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများတက်ရောက်ကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

နွေရာသီအားကစားအခြေခံသင်တန်းသည် မျိုးဆက်သစ်လူငယ်ကစားသမားအမြောက်အမြားပေါ်ထွက်လာနိုင်ရန် ရည်ရွယ်ထားသော်လည်း ကလေးငယ်များအနေဖြင့် အားကစားနည်းတွင်သာမက ပညာရေးတွင်ပါ ထူးချွန်လာရန်ရည်ရွယ်၍ နွေရာသီအားလပ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည့်အပြင် တိုင်းပြည်အတွက် အားကစားသမားမျိုးဆက်သစ်များပါ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **MK**

# မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့၏ ဒုတိယခြေစမ်းပွဲ ပျက်ပြယ်



မန္တလေး မတ် ၂

မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ခြေစမ်းပွဲအဖြစ် ဖိတ်ခေါ်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့၏ မတ် ၃ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဒုတိယမြောက်ခြေစမ်းပွဲမှာ ဖီဖာစည်းမျဉ်းအရ နည်းစနစ်ပိုင်းလိုအပ်ချက်များကြောင့် ပျက်ပြယ်သွားကြောင်း သိရသည်။

ထို့ကြောင့် မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့သည် ခြေစမ်းပွဲယှဉ်ပြိုင်မည်မဟုတ်ဘဲ မတ် ၃ ရက်အထိ ပူးတွဲလေ့ကျင့်မှုသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်ကို MRTV မှတိုက်ရိုက်ပြသရန်စီစဉ်ထားသော်လည်း ပျက်ပြယ်သွားပြီး လေ့ကျင့်မှုကိုကွင်းပိတ်လေ့ကျင့်သွားမည်ဖြစ်သည်။ ထို့ပြင် ရောင်းချထားသော လက်မှတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မန္တလေးဘောလုံးအကယ်ဒမီ၌ ပြန်လည်လဲလှယ်ပေးသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့သည် ပထမခြေစမ်းပွဲကို ယမန်နေ့ကယှဉ်ပြိုင်ကစားပြီး ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ယင်းရလဒ်အပေါ် မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်က "အသင်းက လိုအပ်ချက်တွေရှိနေတုန်းပါပဲ။ ပထမပိုင်းမှာ ကျွန်တော်တို့ အကောင်းဆုံးကစားထားတယ်။ သုံးဂိုး၊ လေးဂိုးလောက်အထိ ရနိုင်တဲ့အခြေအနေမျိုးရှိခဲ့ပေမယ့် အဆုံးသတ် အားနည်းတာကြောင့်ဂိုးမရဘူး။ ဒုတိယပိုင်းအစမှာ ကျွန်တော်တို့ ကစားရခက်ခဲသွားတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ပွဲကို ထိန်းချုပ်လာနိုင်ပြီး အခွင့်အရေးတချို့ ထပ်ဖန်တီးနိုင်ခဲ့တယ်။ ပွဲပြီးခါနီးမှာ ထိုင်းအမျိုးသမီးအသင်းရဲ့တိုက်စစ်ဆင်မှုကိုခံရပြီး ဂိုးသမားနဲ့ ကံတရားကြောင့် ဂိုးမပေးခဲ့ရတာပါ။ အသင်းသားတွေအနေနဲ့ အနိုင်မခံအရှုံးမပေးတဲ့ ပြိုင်ပွဲဝင်စိတ်ဓာတ်မျိုးနဲ့ အသင်းလိုက်ကစားပုံကောင်းအောင် ပြင်ဆင်ဖို့လိုအပ်နေပါတယ်။ အမှားတွေကို ပြင်ဆင်သွားမှာပါ"ဟုပြောသည်။ **တီတီ**

# ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ထိပ်တိုက်တွေ့ဆုံမှုဖြင့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၈) ဆက်လက်ကျင်းပမည်



ရန်ကုန် မတ် ၂

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၈)ကို အမှတ်ပေးဇယားထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုဖြင့် မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ်ပေးဇယားကို ရမှတ် ၁၉ မှတ်ဖြင့် ဦးဆောင်ထားသော ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ယခုတစ်ပတ်ပွဲစဉ်(၈)တွင် ဒုတိယနေရာမှ ရမှတ် ၁၆ မှတ် ရရှိထားသော ရှမ်းယူနိုက်တက်အသင်းကို ရန်ကုန်မြို့ YUSC ကွင်း၌ အိမ်ကွင်းအဖြစ် လက်ခံကစားရမည်ဖြစ်သည်။

ယင်းပွဲစဉ်ကို မတ် ၄ ရက် ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် ရေပန်းစားနေသည့် အသင်းနှစ်သင်းဖြစ်သဖြင့် ယင်းပွဲစဉ်သည် ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

နောက်ထပ်ပွဲစဉ်များအဖြစ် မတ် ၄ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ နေပြည်တော်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ သုဝဏ္ဏအားကစားကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ အောင်ဆန်းအားကစားကွင်း၌ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မန္တလာသီရိအားကစားကွင်း၌ ရတနာပုံအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မတ် ၅ ရက်တွင် မော်လမြိုင်အားကစားကွင်း၌ ဆောက်သမ်းမြန်မာအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယင်းပွဲများအနက် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲစဉ်နှင့်ဆောက်သမ်းမြန်မာအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းပွဲစဉ်တို့ကို MRTV မှ တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။

လက်ရှိ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၇) ကစားအပြီးတွင် အမှတ်ပေးဇယားကို ရန်ကုန်ယူနိုက်တက်အသင်းက ဦးဆောင်ထားပြီး အဆင့်(၂)တွင် ရှမ်းယူနိုက်တက်အသင်း၊ အဆင့်(၃)တွင် ရတနာပုံအသင်း၊ အဆင့်(၄)တွင် ဇွဲကပင်ယူနိုက်တက်အသင်းနှင့်အဆင့်(၅)တွင် ဧရာဝတီယူနိုက်တက်အသင်းတို့ အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ **တီတီ**

# ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် ရန်ကုန်ယူနိုက်တက် ယူ-၁၉ အသင်း အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်

ရန်ကုန် မတ် ၂

၂၀၁၇ မြန်မာနေရှင်နယ်လိဂ် အသက် ၁၉ နှစ်အောက် အမှတ်ပေးပြိုင်ပွဲကို မကြာမီကျင်းပမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက် ယူ-၁၉ အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ရာ ယင်းအပြီးသတ်ကစားသမားစာရင်းကိုထုတ်ပြန်လိုက်ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက် ယူ-၁၉ အသင်းတွင် ပါဝင်မည့် ကစားသမားစာရင်းမှာ ဂိုးသမားများအဖြစ် မင်းခန့်ကျော်၊ အောင်ကောင်းမြတ်နှင့်သန့်ဇင်ထက်တို့ဖြစ်ပြီး ကစားသမားများအဖြစ် ကျော်လွင်ဦး၊ သိန်းစိုးအောင်၊ အောင်မျိုးခန့်၊ ကျော်သီဟ၊ သူရဟိန်း၊ ထူးဝေလွင်၊ ခွန်နေသူရ၊ မျိုးလှိုင်ဝင်း၊ လွှမ်းမိုးဦး၊ စိုးဝင်းအောင်၊ နောင်နောင်လတ်၊ လင်းထက်၊ စိုင်းနောင်၊ အာကာသိန်းလွင်၊ ကောင်းမြတ်သူ၊ ဂျော့မင်း၊ ကျော်စည်သူဟိန်း၊ အောင်မြတ်သူ၊ အောင်သက်စိုး၊ ခိုင်ဇင်အောင်၊ ဇင်မောင်မောင်နှင့် ခိုင်ဝင်းတို့ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် ယူ-၁၉ အသင်းသည် ၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ယူ-၁၉ ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မတ် ၅ ရက်တွင် ဧရာဝတီယူနိုက်တက် ယူ-၁၉ အသင်းနှင့် ဒဂုံအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **တီတီ**



www.facebook.com/themyawadydaily

# ဒုတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေး လုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂

ဒုတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေးလုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(Second RAI Intercountry High Level Meeting)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများသည် မဟာမဲခေါင်ဒေသကြီးအတွင်း၌ သိသာစွာလျော့နည်းကျဆင်းနေပြီဖြစ်သော်လည်း ငှက်ဖျားပိုးများ၏ ဆေးယဉ်ပါးလာမှုနှင့် ငှက်ဖျားခြင်များ၏ပိုးသတ်ဆေးယဉ်ပါးလာမှုအခြေအနေများ၊ အုပ်စုလိုက်ရွှေ့ပြောင်းသွားလာမှုများ၊ ငှက်ဖျားဆေးဝါးအတုများပေါ်ပေါက်လာမှုများ၊ ဆေးကုသမှု

စာမျက်နှာ ၁၇ ကော်လံ ၄ ●



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဒုတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေးလုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## တိရစ္ဆာန်ဆေးကုသရေးဆိုင်ရာ ဆရာဝန်နှင့် သုနာပြုများကို ပြည်ပနိုင်ငံသို့ ပညာသင်စေလွှတ်မည်

စာ- ၃ သို့

## ရန်ကုန်မြို့ရှိ ရထားသံလမ်းခုံးကျော်သံပေါင်တံတားများကို ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲပြုပြင်ပေးမည်

စာ- ၃ သို့

## မြန်မာနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်နိုင်သော သီးနှံအမယ်အများစုကို ပြည်ပနိုင်ငံများမှ ပြန်လည်တင်သွင်းမှုနှုန်း နှစ်စဉ်မြင့်တက်မှုရှိနေ

စာ- ၁၀ သို့

ကြက်ဥတွင် မည်သည့်အစားအစာတွင်မှမပါဝင်သော Choline ဓာတ်ပါဝင်ပြီး မှတ်ဉာဏ်ကောင်းမွန်စေပါသည်။

# အမ်း-စစ်တွေကားလမ်း၌ အောင်ပြည့်စုံခရီးသည်တင်ယာဉ် မီးလောင်မှုဖြစ်ပွား


မီးလောင်မှုဖြစ်ပွားခဲ့သည့် အောင်ပြည့်စုံခရီးသည်တင်ယာဉ်ကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ကဇူးကိုင်းကျေးရွာအုပ်စု၊ အုန်းတည်ချောင်းကျေးရွာအနီး အမ်း-စစ်တွေကားလမ်း မိုင်တိုင်အမှတ်၊ ၂၅/၀ မိုင်နေရာ၌ ရန်ကုန်မှစစ်တွေသို့ ယာဉ်မောင်း ကောင်းဆက်နိုင် မောင်းနှင်လာသော အောင်ပြည့်စုံခရီးသည်တင်ယာဉ် ယာဉ်အမှတ်၊ 4 A/----- သည် ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် ဝါယာကြိုးရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းသဖြင့် အမ်းမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီး၊ ကဇူးကိုင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သောကြောင့် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၁၈ ဦးအနက် အမျိုးသားသုံးဦး၊ စာမျက်နှာ ၁၆ ကော်လံ ၄ ■




# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် Fencing အားကစားနည်းကို နိုင်ငံခြားနည်းပြဖြင့် လေ့ကျင့်လျက်ရှိ

နေပြည်တော် မတ် ၂

၂၀၁၅ ခုနှစ် စင်ကာပူဆီးဂိမ်းမှ အတွေ့အကြုံများကိုယူပြီး (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင်အောင်မြင်မှုများရရှိနိုင်ရေးအတွက် Fencing အားကစားနည်းကို တရုတ်နိုင်ငံမှနည်းပြဖြင့် နေပြည်တော်ရှိ Gold Camp အားကစားလေ့ကျင့်ရေးစခန်း-၂ ၌ မြန်မာအားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

အဆိုပါအားကစားနည်းသည် ၂၀၁၅ ခုနှစ် စင်ကာပူဆီးဂိမ်းတွင် မြန်မာနိုင်ငံအနေဖြင့် စတင်ယှဉ်ပြိုင်ကစားခဲ့ပြီး (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှစတင်ပြီး အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦးတို့ဖြင့် လေ့ကျင့်လျက်ရှိသည်။

(၂၉)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်းခြောက်မျိုး စာမျက်နှာ ၁၇ ကော်လံ ၃ ❖

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲအထိမ်းအမှတ် လက်ဆင့်ကမ်းပြိုင်ပွဲကျင်းပမည်

စာ- ၁၀ သို့

## မြန်မာအမျိုးသမီးအသင်းနှင့်ထိုင်းအမျိုးသမီးအသင်းတို့၏ ဒုတိယခြေစမ်းပွဲပျက်ပြယ်

စာ- ၁၀ သို့

## ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် ရန်ကုန်ယူနိုက်တက် ယူ-၁၉ အသင်း အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်

စာ- ၁၀ သို့

## ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ထိပ်တိုက်တွေ့ဆုံမှုဖြင့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၈) ဆက်လက်ကျင်းပမည်

စာ- ၁၀ သို့